မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၇)၊ အမှတ်(၁၄၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

လပွတ္တာမြို့နယ် သဃ်န်းကြီးကျေးရွာ၊ ပြင်စလူမြို့နှင့် ပိုးလောင်းကျေးရွာများ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လှည့်လည်ကြည့်ရှုစစ်ဆေး

ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများ ညှိနှိုင်းစီမံဆောင်ရွက်ပေး

နေပြည်တော် စက်တင်ဘာ ၁၆

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လပွတ္တာမြို့နယ်အတွင်းရှိ သဃ်န်းကြီးကျေးရွာ၊ ပြင်စလူမြို့နှင့် ပိုးလောင်းကျေးရွာတို့သို့ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် လှည့်လည်သွားရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် သဃ်န်းကြီး ကျေးရွာတွင် ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

သဃ်န်းကြီးကျေးရွာ

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်

စာမျက်နှာ ၉ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲ ချန်ပီယံမြန်မာလူငယ်ဘောလုံးအသင်း ပြန်လည်ရောက်ရှိ

သတင်းဆောင်းပါး
ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု
မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၆

ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲ အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၌ မြန်မာလူငယ်အသင်း နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခြင်းနှင့်အတူ အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်သည်။ မြန်မာလူငယ်အသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ အမှတ်အများဆုံးရရှိကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ *

မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲ အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲချန်ပီယံ မြန်မာလူငယ်အသင်းအား ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်)

ကျေးလက်ပြည်သူများ အသိပညာဗဟုသုတတိုးပွားရေး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေး၊ တိုင်းရင်းသားပြည်သူတို့၏ ပညာရည်မြင့်မားရေးကို အဓိကထား ဖော်ဆောင်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ အကောင်အထည်ဖော်ရာ၌ ကျေးလက်နှင့်မြို့ပြ စီးပွားရေးနှင့် လူမှုရေးကွာဟချက် လျော့နည်းပပျောက်စေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးစည်ပင်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံလိုအပ်ချက် ဖြစ်သည်။

ထို့ကြောင့် ကျေးလက်ပြည်သူများ ဗဟုသုတတိုးပွားပြီး အသိပညာမြင့်မားလာစေရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့သည်။

စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းသည် ကျေးလက်ပြည်သူများ စာပေဖတ်ရှုသည့် အလေ့အထဖြစ်ထွန်းပြီး စာဖတ်လိုသူများ၊ သက်ကြီးစာတတ်မြောက်လိုသူများ စာဖတ်ရှိန်မြင့်မားကာ အသိပညာဗဟုသုတ ပြန့်ပွားစေရန် ဖြစ်ပေသည်။

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိပြီး စာဖတ်စေခြင်း၊ ရရှိထားသော စာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်း၊ စာအုပ်စာစောင်များ တိုးပွားလာရေးအတွက် ငွေပဒေသာပင် စိုက်ထူခြင်း၊ စာကြည့်တိုက်တွင် ပရိဘောဂစုံလင်စွာရရှိရန် ဆောင်ရွက်ပေးခြင်း၊ ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ လေ့ကျင့်ပျိုးထောင်ပေးခြင်းတို့ စဉ်ဆက်မပြတ် ပြုလုပ်ပေးရမည် ဖြစ်ပေသည်။

ယခုအခါ ပြည်ထောင်စုတစ်ဝန်း ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ရာ ၅၅၇၅၅တိုက် ရှိနေပြီဖြစ်၍ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဥပဒေကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် ၁၉၇၅ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ပညာသင်ကြားခဲ့ကြသော ဥပဒေ ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့်တွေ့ဆုံပွဲကို ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များမော်ရုံ၌ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၇ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများသည် ဦးသိန်းထွန်း ဖုန်း-၀၉-၈၀-၂၃၇၇၈၊ ၅၂၅၀၆၀၊ ဦးတင်လတ် ဖုန်း-၅၅၃၆၅၄၊ ဒေါ်တင်မာရီ ဖုန်း-၀၉-၈၀-၂၃၃၅၇၊ ဒေါ်ယဉ်ယဉ်ဝင်း ဖုန်း-၀၉-၅၁-၁၂၈၅၉၊ ဒေါ်ဆွေဆွေ ဖုန်း ၀၉-၅၁-၁၄၂၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ခိုင်မာစာကြည့်တိုက်များ မှတ်ပုံတင်စာကြည့်တိုက်အဖြစ် အရှိန်မြှင့်

တောင်တွင်းကြီး စက်တင်ဘာ ၁၆

မကွေးတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းသည် စက်တင်ဘာ ၉ရက် မွန်းလွဲ ၂နာရီက တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မြို့နယ်ဦးစီးမှူး ဦးလှရှိန်နှင့် ဝန်ထမ်းများအားတွေ့ဆုံပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များခိုင်မာစာကြည့်တိုက်များဖြစ်အောင် သတ်မှတ်စံ(၅)ရပ်နှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ ခိုင်မာစာကြည့်တိုက်များကို မှတ်ပုံတင်စာကြည့်တိုက်များအဖြစ် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေး၊ ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို တွေ့ဆုံမှာကြားခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

၂၀၀၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက် အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့်ဇနီး ဒေါ်ခင်မြဦးတို့သည် စက်တင်ဘာ ၈ရက်က မုံရွာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းခန်းမဆောင်၌ကျင်းပသည့် ၂၀၀၈ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် တိုင်းပညာရေးမှူး ဦးသန်းထွန်းက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းမှူးက ၂၀၀၈ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းမှူး၏ဇနီးက ပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော ကျောင်းသူလေးများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးနှင့် ဧည့်သည်များသည် ခင်းကျင်းပြသထားသည့် ပြိုင်ပွဲဝင် စာစီစာကုံးနှင့် ပိုစတာများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တီးတိန်စည်ပင် ကျောက်စုဆောင်း

တီးတိန် စက်တင်ဘာ ၁၆

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြို့ပြလမ်းဖြစ်သော နေစုလမ်းကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ကျောက်စုဆောင်းထားရှိမှုကို စက်တင်ဘာ ၁ရက်က အမှုဆောင်အရာရှိ ဦးနန်ဒိုးဆူမ်းမန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ငွေးတို့က ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၇-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၅။ မြန်မာစာမြန်မာစကား
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၃၀)
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ မြန်မာဗီဒီယိုဇာတ်လမ်းတွဲ **အိပ်မက်ဆိုးမှမနိုးခင်** (အပိုင်း-၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဖြေလိုက်ပါ
- ၂၁။ ICT သုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း-၂၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **ဝေဒနာနုပဿနာ** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၈:၀၀-၂:၀၀ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
- ၈:၂၅-၂:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈:၅၀-၂:၅၀ Activities in the City (အသည်းရောင်အသားဝါ ရောဂါကာကွယ်ဆေး မိတ်ဆက်ခြင်း အခမ်းအနား)
- ၉:၁၀-၃:၁၀ တေးဂီတအစီအစဉ်
- ၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅-၃:၂၅ Youth Development Academy (မြန်မာ-ကိုရီးယား လူငယ်ဖွံ့ဖြိုးရေးကျောင်း)
- ၉:၄၅-၃:၄၅ တေးဂီတအစီအစဉ်
- ၉:၅၀-၃:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၅၅-၃:၅၅ လှပဝင့်ထည်၊ မြန်မာ့ကြိမ်ထည်
- ၁၀:၁၀-၄:၁၀ တေးဂီတအစီအစဉ်
- ၁၀:၁၅-၄:၁၅ စိုက်ပျိုးဝေဆာတို့မြေမှာ (အပင်တစ်သျှူး မျိုးပွားနည်းများ)
- ၁၀:၃၅-၄:၃၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၄၀-၄:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅-၄:၄၅ **အေးမြသော လေညင်းလေးများ** (မေတ္တာ၊ စိုးမိုးကြည်၊ ဇေယျ၊ ရှူးရှူးမောင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၁:၀၀-၅:၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၀-၅:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅-၅:၁၅ Midweek Sports News
- ၁၁:၃၀-၅:၃၀ နှင်းပွင့်သစ္စာမှသောတရင်သို့
- ၁၁:၄၅-၅:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၅၅-၅:၅၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ဆန်ပြားခေါက်ဆွဲနှင့် ကြက်သားသာဂူလုံး ပြုလုပ်ပုံအဆင့်ဆင့်)
- ၁၂:၁၀-၆:၁၀ တေးဂီတအစီအစဉ်
- ၁၂:၂၀-၆:၂၀ PC လုံခြုံရေး
- ၁၂:၃၅-၆:၃၅ Myanmar Video Rhythm
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပြသမည့်လိုင်း
၁:၀၀	ESPN (Live)
၁:၀၀	Star Sports (Live)

17-9 (02).pmd 1 9/18/2008, 2:49 AM

● *ကျောဖုံးမှ*

ရွှေဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဦးအိုက်ထွန်းတို့က ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ်များကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်အတွင်း ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် သန်လျင်မြို့နယ် အေးမြသီတာရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်းနှင့် ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတို့သို့ သွားရောက်ပြီး ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းထားသည့် ကျောင်းဆောင်သစ်များအတွင်း ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အမျိုးအစား

ယခုဖွင့်လှစ်သည့် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၊ သန်လျင်မြို့နယ် အေးမြသီတာရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းနှင့် ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းတို့မှ ကျောင်းဆောင်သစ် သုံးဆောင်သည် အလျား ၂၄ ပေ၊ အနံပေ ၂၀ စီရှိသော စာသင်ခန်းသုံးခန်းစီပါဝင်ပြီး ကျောင်းဆောင်တစ်ခုလျှင် အလျားပေ၆၀၊ အနံပေ၃၀စီ ကျယ်ဝန်းကာ Steel Structure အမျိုးအစား အဆောက်အအုံဖြစ်သည်။

ဆောက်လုပ်လှူဒါန်း

ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်သည် ကျောက်တန်းမြို့နယ်၌ ၁၃ ကျောင်း၊ သန်လျင်မြို့နယ်၌ ၁၀ ကျောင်း စုစုပေါင်း ကျောင်း ၂၃ ကျောင်းကို လှူဒါန်းငွေကျပ်သိန်း ၃၅၀၀ အကုန်အကျခံ၍ ဆောက်လုပ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပညာရှိသည် သတိဖြင့် အမြဲကြည့်၍

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်း

အမှာစကားပြောကြား

သဘာပတိ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ပြည်နယ်၊ တိုင်းများမှ ကိုယ်စားလှယ်များပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးအတွင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၆

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြည်နယ်၊ တိုင်းများမှ ကိုယ်စားလှယ်များပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် မကြာမီ ကာလအတွင်း၌ ကျင်းပဆင်နွှဲချိန် ကျရောက်လာတော့မည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးစီးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဖြစ်ကြောင်း။

အလေးအနက်ထား

မကြာမီကာလအတွင်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပတော့မည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ကြောင်း၊ ဤပြိုင်ပွဲကြီးတွင် ပြည်နယ်၊ တိုင်းအသီးသီးက ပြိုင်ပွဲဝင်သူများ၊ အကဲဖြတ်ဒိုင်များ၊ ပါဝင်ပံ့ပိုးဆောင်ရွက်ကြသူများနှင့် ဝါသနာရှင် ပြည်သူအပေါင်း အစစအရာရာ အဆင်ပြေစွာ တာဝန်ထမ်းဆောင်ခြင်း၊ ယှဉ်ပြိုင်ခြင်း၊ ကြည့်ရှုအားပေးခြင်းများ ပြုနိုင်စေရန်အတွက် လိုအပ်ချက်များ မရှိရအောင် ကြိုတင်စီမံဖြည့်ဆည်း နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများကို ယခုကဲ့သို့ ခေါ်ယူကျင်းပရခြင်းပင် ဖြစ်ကြောင်း၊ ယခုလို အစည်းအဝေးများ ခေါ်ယူ ကျင်းပသည့်အတွက် ပြိုင်ပွဲကြီးတစ်ခုလုံး အစစအရာရာ အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးကို ပိုမိုအထောက်အကူ ဖြစ်စေလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ယခုဆိုလျှင် စနစ်တကျ ဖွဲ့စည်းပေးထားသည့် ကော်မတီ၊ ဆပ်ကော်မတီများနှင့် အဆင့်လိုက်၊ အချိန်ကာလအလိုက် လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းများကို လုပ်ငန်းစီမံချက်များ၊ လုပ်ငန်းဇယားများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်၍ ဤလုပ်ငန်းများအားလုံးသည် လုပ်ငန်းဇယားအတိုင်း အချိန်မီ ပြီးစီးရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က အလေးအနက်ထားပြီး ကြီးကြပ်ဆောင်ရွက်သွားရန်လိုအပ်ချိန်လည်း ဖြစ်ပါကြောင်း၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တာဝန်ရှိသည့် ဆပ်ကော်မတီအသီးသီး အနေဖြင့်လည်း ပြည်နယ်၊တိုင်းများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နေကြပြီဖြစ်၍ အကြိုကာလ ပြင်ဆင်ချိန်ရလာသည်နှင့်အမျှ လုပ်ငန်းများလည်း တိုးတက်တွင်ကျယ်မှုရှိအောင် ဆောင်ရွက်နိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း။

လာမည့် (၁၆)ကြိမ်မြောက်ပြိုင်ပွဲတွင် ပြိုင်ပွဲအသစ်ဖြစ်သည့် ခေတ်အကြိုက်တေးသီချင်းကဏ္ဍ ပြိုင်ပွဲကို နေရာသစ်ဖြစ်သည့် အမှတ်(၇)တည်းခိုရေးစခန်း ခန်းမကြီးတွင် ထည့်သွင်းယှဉ်ပြိုင်ရန် စီမံထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပြိုင်ပွဲကဏ္ဍသစ်အတွက် လိုအပ်သည့် ပြင်ဆင်မှုများ၊ ဖြည့်ဆည်းမှုများနှင့် နေရာထိုင်ခင်း လုံလောက်စွာ စီမံထားရှိမှုတို့ကအစ ကြိုတင်ပြင်ဆင် ဆောင်ရွက်ပေးထားရန် လိုအပ်ကြောင်း။

အရည်အသွေးကောင်း

ပြိုင်ပွဲကြီးတွင် အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိရန် အပင်ပန်းခံ ကြိုးပမ်းခဲ့ကြသည့် ပြည်နယ်၊ တိုင်းများက ပြိုင်ပွဲဝင်များအတွက် ပြိုင်ပွဲဝင်များ၏ အနုပညာအရည်အသွေး၊ ဇွဲ၊ လုံ့လ ကြိုးပမ်းအားထုတ်မှုများနှင့် ထိုက်တန်သည့် ဆုတံဆိပ်အသီးသီးကို ဆွတ်ခူးရယူခွင့်ရရှိရေးကိုလည်း မိမိတို့ တာဝန်ရှိသူအသီးသီးက တာဝန်ယူပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲဝင်များကြိုးစားမှုအပေါ် မျှတမှန်ကန်သောအဆုံးအဖြတ်များ ပေးနိုင်ကြရန်အတွက် ဘာသာရပ်အလိုက် အကဲဖြတ်ဒိုင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မှန်ကန်မျှတသောအဖြေကို ဖော်ထုတ်ပေးနိုင်ရန်အတွက် ဗဟိုဒိုင်နှင့် ပြည်နယ်၊ တိုင်း အကဲဖြတ်ဒိုင်များ၏ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အပေါ်တွင် အခြေခံထားသည့် မှန်ကန်မျှတမှု၊ အမြော်အမြင်ကြီးမားမှု၊ ရိုးသားဖြောင့်မတ်မှု၊ စေတနာထားရှိမှု၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစသည့် အရည်အသွေးကောင်းများ အပေါ်တွင် တည်မှီနေကြောင်း၊ ထို့ကြောင့် ဘာသာရပ်အလိုက် ဒိုင်များကို ဖွဲ့စည်း ရာတွင် ယခုအချက်များအပေါ်၌ အခြေခံထားပြီး ဖွဲ့စည်းပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ထို့အပြင် မှန်ကန်မျှတသောရမှတ်အသီးသီး ရရှိနိုင်ရေးအတွက် ဘာသာရပ်အလိုက် အကဲဖြတ်ဒိုင်များ၏ အရေးအတွက်၊ ယှဉ်ပြိုင်သူ၏ အရည်အသွေးနှင့် ထိုက်တန်သင့်လျော်သည့် အကဲဖြတ်ချက်ကို ပေးစွမ်းနိုင်သည့် အရေးအတွက် ကန့်သတ်ချက်အတွင်းမှာပင် ရှိနေအောင် ဝိုင်းဝန်းစဉ်းစား သတ်မှတ်ကြရန် တိုက်တွန်းလိုကြောင်း။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးသည် ထူးခြားတိုးတက်လာမှုတစ်ခု အနေဖြင့် တွေ့မြင်ရသည်မှာ ပြိုင်ပွဲဘာသာရပ်ကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပြဇာတ်ပြိုင်ပွဲတွင် ပြည်နယ်၊ တိုင်းများ တိုးတက်ပါဝင် ယှဉ်ပြိုင်လာကြခြင်းပင်ဖြစ်ကြောင်း၊ ပြဇာတ်ဘာသာရပ်ကို ယခင်နှစ် (၁၅)ကြိမ်မြောက်ပြိုင်ပွဲတွင် ပြည်နယ်၊ တိုင်းငါးခုသာ ပါဝင်ယှဉ်ပြိုင်ကြရာမှ ယခု(၁၆)ကြိမ်မြောက်ပြိုင်ပွဲတွင် ပြည်နယ်၊ တိုင်း ၁၀ခုတို့က ပြဇာတ်အဖွဲ့ ၁၀ဖွဲ့အထိ တိုးတက်ပါဝင် ယှဉ်ပြိုင်သွားရန် စာရင်းပေးထားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ယခုပြိုင်ပွဲဝင်ပြည်နယ်၊ တိုင်းများ ထပ်မံတိုးတက်လာခြင်းသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများက တာဝန်ရှိသူများ၊ ကော်မတီဝင်၊ ဆပ်ကော်မတီဝင်များနှင့် ပညာရှင်အသီးသီးတို့၏ ဝိုင်းဝန်းအားထုတ်မှုကြောင့်ပင်ဖြစ်ကြောင်း၊ ထို့အတူ ယခုနှစ် (၁၆)ကြိမ်မြောက်ပြိုင်ပွဲတွင် စတင်ထည့်သွင်း ယှဉ်ပြိုင်မည့် ခေတ်အကြိုက်ဘာသာရပ်ကိုလည်း ပြည်နယ်၊ တိုင်းအသီးသီးက ပြိုင်ပွဲဝင်များက အားတက်သရောနှင့် ပါဝင်ယှဉ်ပြိုင်ရန် တက်တက်ကြွကြွ ကြိုးပမ်းနေကြသည် ဆိုသည့် သတင်းကောင်းများကိုလည်း အားရဖွယ်ရာ ရရှိထားကြောင်း၊ ထို့ကြောင့် ယခုလာမည့် (၁၆)ကြိမ်မြောက်ပြိုင်ပွဲ သည် အောင်မြင်မှုများ၊ ပျော်ရွှင်မှုများ ပိုမို ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ရာနှုန်းပြည့် အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီဝင်များ၊ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်၊ တိုင်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူအသီးသီးက မိမိတို့ကျရာတာဝန်ကို "အမျိုးသားရေးတာဝန်" တစ်ခုအဖြစ်ခံယူပြီး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရန် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက်သဘာပတိ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များသည် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အသုံးပြုမည့် နမူနာပိုစတာများ၊ ပို့စကတ်များနှင့် ဇာတ်တော်ကြီးနှင့် ပြဇာတ်အတွက် အသစ်ရေးဆွဲထားသည့် ပန်းချီကားများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် စီမံကိန်းဦးစီးရုံးမိသားစု၏ ၂၀၀၈- ၂၀၀၉ခုနှစ် ပညာသင်ထောက်ပံ့ကြေးငွေနှင့် စာအုပ်၊ စာရေးကိရိယာနှင့် ဝတ်စုံပေးအပ်ပွဲကို ဩဂုတ် ၂၈ရက်ကကျင်းပရာ ခရိုင်ဦးစီးမှူး ဦးစိုးမြင့်က ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်း ကျပ် ၅၄၀၀၀၊ စာအုပ်၊ စာရေးကိရိယာနှင့် ဝတ်စုံပစ္စည်းများပေးအပ်ရာ ကျောင်းသားမိဘများ၏ကိုယ်စား ဦးစီးအရာရှိ ဒေါ်အိရွှေစင်က လက်ခံယူစဉ်။

(ခရိုင်စီမံကိန်းဦးစီးရုံး)

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ တတိယအကြိမ် အစည်းအဝေး ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့၏ တတိယအကြိမ်အစည်းအဝေးကို အောက်တိုဘာ ၁၁ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ကျင်းပမည်ဖြစ်ရာ တိုင်းနှင့်ပြည်နယ်များမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံရေပြောင်ပိုင်နက် တိကျစွာသတ်မှတ်ရေး အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်များဆွေးနွေး

ဒါကာ စက်တင်ဘာ ၁၆

အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် အိမ်နီးချင်းနှစ်နိုင်ငံတို့ ရေပြောင်ပိုင်နက် သတ်မှတ်ရေးနှင့်ပတ်သက်သော ကိစ္စရပ်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ နှစ်နိုင်ငံကိုယ်စားလှယ်များ စက်တင်ဘာ ၁၆ရက်မှစတင်ကာ သုံးရက်ကြာ ဆွေးနွေးနေကြပြီဖြစ်သည်။

ရေပြောင်ပိုင်နက်

အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်ပြီး ၂၈နှစ်ကြာ ဆွေးနွေးမှုရပ်ဆိုင်းခဲ့ပြီးနောက် ယခုအခါပြန်လည်စတင်နေပြီဖြစ်ကြောင်း၊ ရေပြောင်ပိုင်နက်နှင့်ဆက်စပ်နေသော ကမ်းရိုးတန်းတစ်လျှောက် စီးပွားရေးဇုန်များလုပ်ကိုင်ရန် တိကျသောရေပြောင်ပိုင်နက်သတ်မှတ်ချက်ရှိရမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိတစ်ဦးက ပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

ဆွေးနွေးပွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး အမ်အေဗာမွတ် ဦးဆောင်သော အဖွဲ့ဝင်၁၅ဦး ပါဝင်သည့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့နှင့် အဖွဲ့ဝင်ခုနစ်ဦးပါဝင်သော အိန္ဒိယကိုယ်စားလှယ်အဖွဲ့တို့ ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

ယခုကဲ့သို့ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပရခြင်းမှာ ကုလသမဂ္ဂကသတ်မှတ်ထားသည့် ၂၀၁၁ခုနှစ်အတွင်း နိုင်ငံတိုင်းအနေဖြင့် ရေပြောင်ပိုင်နက်များ တိတိကျကျရှင်းလင်းသတ်မှတ်ပြီးဖြစ်ရန်ဆိုသည့် အချိန်ကန့်သတ်ထားခြင်းကြောင့် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် ချယ်ရီမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ၏ ကျူကျူ-၆ ကားအမျိုးအစားသစ်များ ထုတ်လုပ်ရေးလုပ်ငန်းခွင်တစ်နေရာကို စက်တင်ဘာ ၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း အဒါမီယာ အရပ်တွင် စက်တင်ဘာ ၁၆ ရက်က ကားဗုံးခွဲ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးအား တွေ့ရစဉ်။(ယင်းကားဗုံးခွဲတိုက်ခိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

တောင်အာဖရိက သမ္မတ ဆူဒန်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိ

ခါတွန် စက်တင်ဘာ ၁၆

တောင်အာဖရိကသမ္မတ သာဘိုအမ်ဘီကီသည် ဆူဒန်နိုင်ငံ ခါတွန်မြို့သို့ စက်တင်ဘာ၁၅ရက် ညနေပိုင်းက နှစ်ရက်ကြာ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာကြောင်း ဆူဒန်မီဒီယာများက ဖော်ပြသည်။

ကြိုဆို

ဆူဒန်နိုင်ငံသို့ရောက်ရှိလာသည့် တောင်အာဖရိကသမ္မတအား ခါတွန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆူဒန်သမ္မတ အိုမာအယ်လ်မာရှီရ်နှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့အကြီးအကဲများက လက်ခံကြိုဆိုကြသည်။

ဆွေးနွေး

သာဘိုအမ်ဘီကီသည် ဆူဒန်နိုင်ငံသို့ရောက်ရှိစဉ် နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ပါကစ္စတန်တွင် တိုက်ပွဲဖြစ်ပွား အမေရိကန်နှင့် အပေါင်းပါတပ်များအား ပစ်မှတ်ထားတိုက်ခိုက်

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ အာဖဂန်နစ္စတန်နယ်ခြားဒေသ၌ စက်တင်ဘာ၁၅ရက်က အယ်လ်ခိုင်ဒါစစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တိုက်ပွဲဖြစ်ပွားရာ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့မှ ရဟတ်ယာဉ်ဖြင့် လေကြောင်းမှ အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၁၅၀ကျော် သေဆုံးခဲ့ကြောင်း ပြည်နယ် အာဏာပိုင်အဖွဲ့က ပြောကြားသည်။ ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တိုက်ပွဲဖြစ်ပွားခဲ့ရာမှ အရပ်သား ၁၆ဦး သေဆုံးခဲ့ရသည်ဟု အာဏာပိုင်များက ဆက်လက်ပြောကြားသည်။

ဟန့်တားထိန်းချုပ်

အယ်လ်ခိုင်ဒါနှင့် တာလီဘန်စစ်သွေးကြွများ၏ အမေရိကန်နှင့် အပေါင်းပါတပ်များအား ပစ်မှတ်ထားသော အာဖဂန်နယ်စပ်ဖြတ်ကျော် အကြမ်းဖက်တိုက်ခိုက်မှုများအား ဟန့်တား ထိန်းချုပ်နိုင်ရေးကို ပါကစ္စတန်နိုင်ငံမှ စစ်ဘက်ဆိုင်ရာ အကြီးအကဲက အလေးအနက် ပြောကြားသည်။

ကြွေးကြော်

လွန်ခဲ့သည့် ရက်သတ္တပတ်က ပါကစ္စတန်နယ်ခြားဒေသ၌ အမေရိကန်စစ်ဆန့်ကျင်ရေးကြွေးကြော်မှုများ ပြုလုပ်ခဲ့ကြောင်း နယူးယောက်တိုင်းမ်က ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ အီရတ်ပြည်သူ လေးဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် စက်တင်ဘာ ၁၅ရက်က ကားဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် အီရတ်ပြည်သူလေးဦး သေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပေါက်ကွဲခဲ့

ဘဂ္ဂဒက်မြို့တော် ကာရာဒါဒေသရှိ နေရာနှစ်ခုတွင် ကားဗုံးနှစ်လုံးမှာ ပြင်းထန်စွာ ပေါက်ကွဲခဲ့ကြောင်း၊ ပထမကားဗုံးမှာ တရားရုံးအနီး ပေါက်ကွဲခဲ့ကာ ဒုတိယကားဗုံးမှာ နိုင်ငံကူးလက်မှတ်များ ထုတ်ပေးရာရုံးဌာနအနီးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်း

ပြင်းထန်သောအရှိန်ဖြင့် ကားဗုံးပေါက်ကွဲမှုများကြောင့် အနီးအနားရှိနေအိမ်များ၊ ဈေးဆိုင်များနှင့် မော်တော်ယာဉ်များစွာ ပျက်စီးသွားခဲ့သည်။ အီရတ်တပ်ဖွဲ့ဝင်များနှင့် အရေးပေါ်လူနာတင်ကားများမှာ ဗုံးပေါက်ကွဲရာဒေသများသို့ ချက်ချင်းရောက်ရှိလာကြကာ ကယ်ဆယ်ရေးလုပ်ငန်းများကို အလျင်အမြန် လုပ်ဆောင်ကြကြောင်း ယင်းသတင်း၌ ပါရှိသည်။

နေရာအနှံ့

အမေရိကန်နှင့် အီရတ်အစိုးရအနေဖြင့် ပြီးခဲ့သည့်လများက အီရတ်နိုင်ငံအတွင်း တိုက်ခိုက်မှုများလျော့ကျသွားပြီဟု ကြေညာပြီးနောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုများက နေရာအနှံ့ကားဗုံးခွဲမှု၊ လမ်းဘေးဗုံးခွဲမှုနှင့် အသေခံဗုံးခွဲမှုများကို ဆက်တိုက်ပြုလုပ်လာကြသည်။ (အင်တာနက်)

ကန်ဒါဟာ၌ဗုံးခွဲတိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၁၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘာရာဇီး၌ ယာဉ်တိုက်မှုဖြစ်ပွား၊ ၁၁ဦးသေဆုံး

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၁၆

ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်း ဘာဟီပြည်နယ်ရှိ ဘီအာရ်-၂၄၂ အဝေးပြေးလမ်းမကြီးပေါ်တွင် စက်တင်ဘာ ၁၅ရက် ညပိုင်းက ယာဉ်မတော်တဆမှုဖြစ်ပွားရာ ၁၁ဦးသေဆုံးပြီး ၁၃ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဘရာဇီး အဝေးပြေးလမ်း ယာဉ်စည်း ကမ်းထိန်းသိမ်းရေး ရဲတပ်ဖွဲ့ (ပီအာရ်အက်ဖ်)က ပြောကြားသည်။

ယင်းယာဉ်မတော်တဆမှုမှာ ဗင်ကားတစ်စီးနှင့်အခြားခရီးသည်တင်ကားတစ်စီးတို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်း ဖြစ်ကြောင်း၊ ခရီးသည်တင်ကားမှာ တိမ်းမှောက်သွားခဲ့ပြီး ဗင်ကားမှာ လမ်းဘေးမြောင်းထဲသို့ ထိုးကျသွားခဲ့ကြောင်း ပီအာရ်အက်ဖ်က ပြောကြားသည်။

ယူဆ

ဒဏ်ရာရရှိသွားသူများအား ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း၊ ကားများပေါ်တွင် ခရီးသည်များ အဆမတန်တင်ဆောင်၍ အရှိန်လွန်မောင်းခြင်းကြောင့် ယင်းယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်ဟု ယူဆကြောင်း ပီအာရ်အက်ဖ်မှ အရာရှိများက ပြောကြားသည်။

(အင်တာနက်)

အာဖဂန်၌ ကုလသမဂ္ဂလုံခြုံရေးတပ်ဖွဲ့အနီး ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွား

ကဘူးလ် စက်တင်ဘာ ၁၆

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တောင်ပိုင်း ဂါပတ်နီပြည်နယ်ရှိ ကုလသမဂ္ဂလုံခြုံရေးတပ်ဖွဲ့အနီး၌ စက်တင်ဘာ ၁၄ရက်က အသေခံဖောက်ခွဲရေးသမားသည် ကားဖြင့်ဖြတ်သန်းမောင်းနှင်ကာ ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း ကုလသမဂ္ဂရုံးအဖွဲ့က ပြောကြားသည်။

အပေါင်းပါတပ်များ

ယင်းဖြစ်ပွားမှုကြောင့် ကလေးငယ်ခြောက်ဦးသေဆုံးပြီး အခြား၁၂ဦး ဒဏ်ရာရရှိကြောင်း၊ အယ်လ်ခိုင်ဒါအဖွဲ့နှင့် တာလီဘန်လက်နက်ကိုင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်သည့် အသေခံဗုံးဖောက်ခွဲခြင်းနှင့် လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုများသည် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များအား ပစ်မှတ်ထားတိုက်ခိုက်နေခြင်းဖြစ်ကြောင်း ၄င်းနိုင်ငံအကြီးအကဲက ပြောကြားသည်။

အကြမ်းဖက်

ယခုလအစောပိုင်းတွင် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နယ်ခြားဒေသများ၌ ကုလသမဂ္ဂလုံခြုံရေးတပ်ဖွဲ့အား ပစ်မှတ်ထားကာ အကြမ်းဖက်မှုများကြောင့် ဒေသခံပြည်သူ ၁၆ဦး သေဆုံးခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်ထိပ်တန်းဘဏ် ဒေဝါလီခံရမှုဂယက်ကြီးမား ဥရောပနှင့်အာရှ စတော့ရှယ်ယာများပါထိခိုက်

သတင်း အက်ဆေး

အမေရိကန် လေးမင်းဘရားသားစ်ဘဏ် တနင်္လာနေ့က ဒေဝါလီခံလိုက်ရချိန်တွင် အလားတူပြဿနာတက်နေသည့် အမေရိကန်ဘဏ် မာရီးလ်လင့်ချ်ဘဏ်မှာမူ အမေရိကန်ဘဏ်(ဘင့်အော့ဖ်အမေရိကား)နှင့် ပေါင်းစည်းလိုက်သည်။

ပူးပေါင်းရေး

လေးမင်းဘရားသားစ်ဘဏ်၏ ကံကြမ္မာကို အချိန်ယူစဉ်းစားရန် မာရီးလ်လင့်ချ်ဘဏ်၏ အမှုဆောင်အရာရှိချုပ် ဂျွန်သိန်း၊ အမေရိကန်ဘဏ်၏ အမှုဆောင်အရာရှိချုပ် ကက်နက်လူဝီတို့သည် အမေရိကန်ဗဟိုဘဏ် အရာရှိများနှင့်အတူ မန်ဟက်တန်မြို့လယ်တွင် အရေးပေါ်အစည်းအဝေးထိုင်ကြသည်။ ဘဏ်နှစ်ခုပူးပေါင်းရေးကို ဂျွန်သိန်းက ကက်နက်လူဝီကို တိုက်တွန်းသဘောတူလိုက်ကြသည်။ ယင်းသို့ ညှိနှိုင်းအပြီး နှစ်ရက်အတွင်း အကောင်အထည်ဖော်လိုက်ကြခြင်းဖြစ်သည်။

အဆုံးသတ်

မာရီးလ်လင့်ချ်ဘဏ်၏ ၉၄နှစ်ကြာ လွတ်လပ်မှုအဆုံးသတ်သွားပြီဟုဆိုနိုင်သော်လည်း မာရီးလ်လင့်ချ်၏ ရှယ်ယာဈေးနှုန်းတနင်္လာနေ့ နေ့လယ်က ၁၉ရာခိုင်နှုန်းတက်သွားသည်။ အမေရိကန်ဘဏ်၏ရှယ်ယာဈေးနှုန်းမှာမူ ၁၄ရာခိုင်နှုန်းကျဆင်းသွားသည်။

သာလွန်

လေးမင်းဘရားသားစ်ဘဏ်ဒေဝါလီခံရမှုတွင် ပိုင်ဆိုင်ထားသည့် ပစ္စည်းတန်ဖိုးအနေဖြင့် တွက်ချက်မည်ဆိုလျှင် ဒေဝါလီခံရသမျှတွင် ဝေါလ်ကွမ်းဘဏ်ထက် သာလွန်သွားသည်ကိုတွေ့နိုင်သည်။ လေးမင်းဘရားသားစ်ဘဏ်၏ ပိုင်ဆိုင်မှုပစ္စည်းတန်ဖိုးမှာ မေလကုန်က အမေရိကန်ဒေါ်လာ ၆၃၉ဘီလီယံရှိပြီး ဝေါလ်ကွမ်းဘဏ် ၂၀၀၂ခုနှစ် ဒေဝါလီခံရစဉ် ပိုင်ဆိုင်မှု ပစ္စည်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၇ဘီလီယံသာ ရှိသည်။

အကြီးမားဆုံး

ထို့ပြင် ဒရက်ဇဲဘန်ဟမ်းလမ်ဘတ်ဘဏ်သည် ၁၉၉၀ပြည့်နှစ်က ဒေဝါလီခံရပြီးနောက်ပိုင်း လေးမင်းဘရားသားစ်ဘဏ်မှာ ဒေဝါလီခံရသော အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုဆိုင်ရာဘဏ်ဖြစ်သည်။

သက်တမ်း၁၅၈နှစ်

အမှန်စင်စစ် လေးမင်းဘရားသားစ်ဘဏ်မှာ ကမ္ဘာစစ်ကြီးများနှင့်တကွ အာရှငွေကြေးအကျပ်အတည်းကာလများကိုပါ ကျော်လွှားနိုင်ခဲ့သော သက်တမ်း၁၅၈နှစ်ရှိ သက်တမ်းရင့် ဘဏ်ဖြစ်သည်။

အဆိုးရွားဆုံး

အမေရိကန်ထိပ်တန်း ဤဘဏ်ကြီး ဒေဝါလီခံလိုက်ရပြီးနောက် အထင်ကရ စတော့ရှယ်ယာဈေးများ ဆက်လက်ကျနေသည်။ တနင်္လာနေ့က အမေရိကန်စတော့ရှယ်ယာဈေးမှာ ၂၀၀၁ခုနှစ် စက်တင်ဘာ၁၁ရက်နောက်ပိုင်း အဆိုးရွားဆုံးအခြေသို့ ဆိုက်ရောက်သွားခဲ့သည်။

အထင်ကရ အာရှစတော့ရှယ်ယာဈေးများ ထိုးကျသွားစဉ် ဥရောပစတော့ရှယ်ယာဈေးများလည်း ဒုတိယနေ့အဖြစ် ဆက်လက်၍ သိသိသာသာ ကျဆင်းသည်ကို တွေ့ရသည်။

ကျဆင်း

ဂျပန်၊ တောင်ကိုရီးယားနှင့် ဟောင်ကောင်တွင် တနင်္လာနေ့က အများပြည်သူရုံးပိတ်ရက်ဖြစ်သည့်အလျောက် စတော့ရှယ်ယာဈေးများ ပိတ်သော်လည်း စတော့ရှယ်ယာဈေးများ ငါးရာခိုင်နှုန်းကျော် ကျဆင်းသည်။ စင်ကာပူစတော့ရှယ်ယာဈေးလည်း သိသိသာသာကျပြီး ဩစတြေးလျနှင့် နယူးဇီလန် စတော့ရှယ်ယာဈေးလည်း အနည်းငယ်ကျဆင်းသည်။

ထည့်သွင်းပေး

အမေရိကန်နှင့် ဥရောပဗဟိုဘဏ်များက တနင်္လာနေ့တွင် ဆောင်ရွက်သကဲ့သို့ အာရှတိုက်မှ ဗဟိုဘဏ်များကလည်း ဈေးကွက်တည်ငြိမ်အောင် ထိန်းရန်ကြိုးပမ်းသည်ဟု ဆိုရမည်ဖြစ်သည်။ ဂျပန်ဘဏ်က ယင်း၏ဘဏ်လုပ်ငန်းစနစ်အတွင်း ယန်းငွေ၂ဒသမ၅ ထရီလီယံ ပေးသွင်းလိုက်သည်။ ဩစတြေးလျနှင့် အိန္ဒိယတို့က ၎င်းတို့၏ ငွေကြေးဈေးကွက်အတွင်း သင့်တင့်သည့် ငွေကြေးကို ထည့်သွင်းပေးလိုက်သည်။

ထိခိုက်လာနိုင်

မည်သို့ဆိုစေ လေးမင်းဘရားသားစ်ဘဏ်နှင့် စာရင်းရှင်းနေချိန်တွင် အခြားသော ငွေကြေးအဖွဲ့အစည်းများကို ရိုက်ခတ်ထိခိုက်လာနိုင်စရာရှိသည်ဟုဆို၏။

အမေရိကန်ဘဏ်လုပ်ငန်းစနစ်တွင် အကျပ်အတည်းနက်ရှိုင်းမှုကြောင့် ဥရောပ၌ စိုးရိမ်ပူပန်မှုများ ရှိလာသည်။

စိုးရိမ်နေ

လေးမင်းဘရားသားစ်ကဲ့သို့ အလားတူအရေးပါသည့် ဥရောပဘဏ်ကြီးတစ်ခု ဒေဝါလီခံရသည့် အခြေသို့ဆိုက်ရောက်လျှင် ကယ်တင်ရန် နည်းလမ်းရှာမရမည်ကို ဥရောပနိုင်ငံများက စိုးရိမ်နေကြသည်။

တာဝန်

ယခုအချိန်အထိမူ အကျပ်အတည်းတွေ့နေသည့်ဘဏ်များ ကြွေးမြီကင်းရှင်းအောင် ငွေထုတ်ပေးရန်မှာ ဥရောပအစိုးရအသီးသီး၏တာဝန်ဖြစ်နေသည်။ မကြာသေးမီက စံနမူနာများတွင် ဗြိတိန်မှ နော့သင်းရော့ခ်ဘဏ်၊ ဒိန်းမတ်မှ ရိုစကိုင်းဘဏ်နှင့် ဂျာမနီမှ အိုင်ကေဘီဘဏ်တို့ ပါဝင်သည်။ သို့သော် ထိုဘဏ်များသည် ပြောပလောက်အောင် လုပ်ငန်းကြီးမားသည့် ဘဏ်များကား မဟုတ်ပါချေ။

ပြဿနာရှိနေသေး

ဘဏ်များ၏ငွေကြေးအကျပ်အတည်းမှ ကယ်တင်မည့်တာဝန်ကို ဥရောပဗဟိုဘဏ်က တာဝန်ယူရေးကိစ္စမှာ ဘဏ်လုပ်ငန်းအကျပ်အတည်းကို မျှဝေယူရန် စဉ်းစားရမည့် နည်းလမ်းတစ်ခုဖြစ်သည်။ လွယ်တော့မလွယ်ကူလှချေ။ ပထမဆုံးပြဿနာမှာ ဥရောပဗဟိုဘဏ်(အီးစီဘီ)၌ ငွေလုံလုံလောက်လောက် ရှိရန်လိုအပ်မည်။ နောက်ပြဿနာမှာ ဦးစားပေး အကောင်အထည်ဖော်ရေး ငြင်းခုန်ကြမည့်ပြဿနာ ရှိနေသေးသည်။

အမေရိကန်နိုင်ငံတွင် လေးမင်းဘရားသားစ်ဘဏ် ဒေဝါလီခံရမှုကြောင့် စတော့ရှယ်ယာဈေးကွက်၌ ဒေါ်လာတန်ဖိုး ကျဆင်းမှု အခြေပြဂရပ်ဖ်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဝန်ခံပြောကြား

လေးမင်းဘရားသားစ်ဘဏ် ဒေဝါလီခံရမှု၏နောက်ဆက်တွဲ အကျိုးဆက်က ပြည်ပတွင် ထိုမျှရိုက်ခတ်နေသည်သာ မဟုတ်သေး။ ပြည်တွင်း၌လည်း "မိမိတို့ အမေရိကန်ပြည်ထောင်စုသည် ယခုအခါငွေကြေးဈေးကွက်များ၏ ခက်ခဲသော ကာလတစ်ခုကို ဖြတ်သန်းနေရကြောင်း" အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဟင်နရီပေါလ်ဆန်က ဝန်ခံပြောကြားလိုက်သည်။

ကမ္ဘာသို့တိုင်

အမေရိကန်၏ သက်တမ်းရင့်ဘဏ်ကြီးတစ်ဘဏ်၏ ပြိုလဲယိုင်ဆင်းသွားခဲ့သည့် ဂယက်သည် ကမ္ဘာသို့တိုင် ရိုက်ခတ်သွားခဲ့ရပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

တိုး-ရေးသားသည်

စိတ်ချပါ....

ဘဝအမောပြေ

ချစ်သူမိန်းကလေးက ခိုးရာလိုက်ပြေးရန် ချိန်းဆိုထားသဖြင့် ညအချိန်အိမ်ပေါ်သို့ လှေကားထောင်ပြီးတက်လာသော ချစ်သူကောင်လေးကို မိန်းကလေးက တိုးတိုးကပ်ပြောလေသည်။

မိန်းကလေး။ ။ဘယ်လိုဖြစ်လို့ နောက်ကျနေတာလဲ။
အမျိုးသား ။ ။အေးကွာ…စီစဉ်နေလို့။
မိန်းကလေး။ ။ပြောလိုက်ရင် ဒီလိုချည်းပဲ။
အမျိုးသား ။ ။အေးပါကွာ။
မိန်းကလေး။ ။ကဲ…အဝတ်အိတ်မြန်မြန်ယူ။
အမျိုးသား ။ ။အေးပါ။
မိန်းကလေး။ ။ရှင်…အေးတိအေးစက်လုပ်မနေနဲ့… မြန်မြန်လုပ်၊ တော်ကြာ အစ်ကိုသိသွားရင် အကုန်ဒုက္ခရောက်လိမ့်မယ်။
အမျိုးသား ။ ။အဲဒါတော့မပူနဲ့…လှေကားကိုအောက်မှာ သူကိုယ်တိုင် ကိုင်ထားပေးနေတာပါ။
မိန်းကလေး။ ။'ရှင်'

သူတို့အတွေးအမြင်

⁎ ***Happy the death of him who pays the debt of nature for his country's sake.***

တိုင်းပြည်အကျိုးအတွက် အသက်စွန့်လှူသွားသူ၏ သေဆုံးရခြင်းသည် ဂုဏ်ယူစရာကောင်းလှသည်။

စစ်စီရို
(အီတလီလူမျိုး အတွေးအခေါ်ပညာရှင်)

⁎ ***New opinions are always suspected, and usually opposed, without any other reason but because they are not already common.***

အယူအဆသစ်မှန်သမျှကို အမြဲသံသယဖြစ်ကြသည်။ အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ အမြဲလိုလိုဆန့်ကျင်ကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ ယင်းအယူအဆသစ်များကို လူအများမသိကြဘဲ လက်မခံကြသေးသောကြောင့်ပင် ဖြစ်သည်။

ဂျွန်လော့ကီ(အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင်)

စွန်နီ

ဇီဝသိပ္ပံ

ကမ္ဘာပေါ်၌ ရှားပါးစပြုလာသော စွန်နီများ အရေအတွက်မှာ တဖြည်းဖြည်းပြန်လည် တိုးပွားလာပြီဖြစ်ကြောင်း စကော့တလန် အရာရှိများက ပြောကြားသည်။

ထိန်းသိမ်း

စွန်နီမျိုးစိတ်ကိုမျိုးသုဉ်းပျောက်ကွယ်မှု မရှိအောင် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ ဂရုစိုက်ထိန်းသိမ်းခဲ့ရာ ယခင်ကစွန်နီအကောင်ရေ ၅၀ခန့်အထိ နည်းခဲ့ရာမှ ယခုအခါ စွန်နီ အကောင်ရေ ၁၂၂ကောင်အထိ ရှိလာခဲ့ပြီဖြစ်သည်။

နေထိုင်ကျက်စား

အဆိုပါစွန်နီငှက်များမှာ အာရှ၊ အာဖရိကနှင့်တောင်အမေရိကဒေသများတွင် နေထိုင်ကျက်စားလေ့မရှိချေ။ ဗြိတိန်နိုင်ငံအလယ်ပိုင်းနှင့် ဝေလပြည်နယ်တို့တွင် အများဆုံး နေထိုင်ကျက်စားတတ်ကြသည်။

ကာကွယ်စောင့်ရှောက်

စွန်နီငှက်များသည် ဝေဟင်အမြင့်တွင် ကျက်စားရှင်သန်နိုင်သော ငှက်များလည်းဖြစ်သည်။ တစ်ကောင်လုံး အမွေးအတောင်များမှာ အနီရောင်နှင့် နီညိုရောင်လွှမ်းနေပြီး မူလစွန်ငှက်အရွယ်အစားထက် ခန္ဓာကိုယ်သေးငယ်သည်။ ယခုအခါ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များကာကွယ်စောင့်ရှောက်အဖွဲ့က စွန်နီများကို မျိုးပွားနိုင်အောင် စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

၁၀၈နှစ်အရွယ်ရှိ ဩစတြေးလျ အမျိုးသမီးကြီးမွေးနေ့ပွဲကျင်းပ

ကင်ဘာရာ စက်တင်ဘာ ၁၆

ဩစတြေးလျနိုင်ငံ၏ အသက်အကြီးဆုံးအမျိုးသမီးကြီး နယ်လ်လီဘောလေ၏ ၁၀၈နှစ်ပြည့်မွေးနေ့ပွဲကို ဩစတြေးလျနိုင်ငံ ကွင်းစလန်မြို့တောင်ပိုင်း စောင့်ရှောက်ရေးဌာန၌ စက်တင်ဘာ ၁၅ရက်ကကျင်းပခဲ့သည်။

ပြောင်းရွှေ့နေထိုင်ခဲ့

သူမအနေဖြင့် ယခုအခါ ဩစတြေးလျနိုင်ငံရှိ အသက်အရွယ်ကြီးရင့်သူများအတွက် ဆောက်လုပ်ထားသည့် စောင့်ရှောက်ရေးဂေဟာတစ်ခု၌ နေထိုင်လျက်ရှိသည်။ ယခင်က မိသားစုဝင်များနှင့် အတူတကွနေထိုင်ခဲ့သော်လည်း သူမအသက် ၁၀၅နှစ်မှ စတင်ကာ အသက်အရွယ်ကြီးရင့်သူများ စောင့်ရှောက်ရေးဂေဟာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ **(အင်တာနက်)**

အရည်ရွှမ်းသောသစ်သီးများပုံမှန်စားသုံးပါလျှင် နှလုံးနှင့်ကင်ဆာရောဂါများ ကာကွယ်နိုင်

အရည်ရွှမ်းသော သစ်သီးများကို ပုံမှန်စားသုံးပေးခြင်းသည် နှလုံးရောဂါနှင့် ကင်ဆာရောဂါတို့ကို ကာကွယ်ပေးနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

ရှောက်သီး၊ သံပရာသီးကဲ့သို့သော သစ်သီးများနှင့် ခရမ်းချဉ်သီးများကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် ပုံမှန်စားသုံးပေးသွားပါက ခန္ဓာကိုယ်တွင်း၌ ဖြစ်ပွားတတ်သော အူမကြီးကင်ဆာ၊ အသည်းကင်ဆာနှင့် ဆီးကျိတ်ကင်ဆာတို့ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်သည်ဟု ဆိုသည်။

အဆိပ်အတောက်များ ဖယ်ရှားပေး

ထို့အပြင် အရည်ရွှမ်းသောဟင်းရွက်များကို စားသုံးပေးခြင်းသည်လည်း ခန္ဓာကိုယ်တွင်း ထွက်ရှိတတ်သည့် အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ကြောင်း သိရသည်။

ထို့အတူ ယင်းသစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို ပုံမှန်စားသုံးပေးသွားပါက အသက်အရွယ်ရလာသည့်အခါ ပါကင်ဆန်ရောဂါနှင့် အယ်လ်ဇိုင်းမားရောဂါတို့ဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်ကြောင်းလည်း ၎င်းတို့က အကြံပြု ပြောကြားထားသည်။

အင်တာနက်ကျန်းမာရေး

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

စက်တင်ဘာ ၁၆ရက်က (၅၁)နှစ်မြောက် မလေးရှားနိုင်ငံ တပ်မတော်နေ့ ဧည့်ခံပွဲသို့တက်ရောက်လာသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံရုံး စစ်သံမှူး Col. Sanusi Bin Hashim နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၉-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ ယောဆရာတော်ကြီး၏ ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ အကပြိုင်ပွဲ
၇း၄၅ ၆။ သီချင်းကြီးပဒေသာ
၇း၅၅ ၇။ **ဩော်မယ်ဗျို့**
ခန့်စည်သူ၊ ၄က်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ ဂွမ်းပုံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၈း၀၅ ၈။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅ ၉။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသမီး)**
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ ရုပ်မြင်ရသတေးစုကဏ္ဍ
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၅ ၅။ တေးဂီတအစီအစဉ်
၅း၀၀ ၆။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၁၀ ၇။ ပေကျင်းအိုလံပစ်
၈း၂၀ ၈။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသမီး)**
၅း၃၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၆း၅၀ ၁၃။ မိုးဒေဝါနှင့် မိုးဒေဝါကိုဖန်တီးကြသူများ
၇း၁၀ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၃၀ ၁၅။ ဆိုလိုက်ကြစို့
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "သုဝဏ္ဏသာမဇာတ်တော်ကြီး ပြိုင်ပွဲ" (ဒုတိယဆု) (စစ်ကိုင်းတိုင်း) (ဒုတိယပိုင်း)**
၂၀။ အစီအစဉ်ပြီး၏။

အိန္ဒိယ ဩရိဿကမ်းခြေ မုန်တိုင်းငယ် ဖြတ်ကျော်

(စက်တင်ဘာ ၁၆ ရက် ညနေ ၄နာရီခွဲ ထုတ်ပြန်ချက်)

ယနေ့ မြန်မာစံတော်ချိန် ညနေ ၄နာရီတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဆက်လက်ဖြတ်ကျော်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

■ *ကျော်ဖုံးမှ*

"မွေးမြူရေးအစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်းရဲ့အောက်မှာ ဒိုက်ဦး ဝက်မွေးမြူရေးခြံနဲ့ အစားအစာစက်ရုံဆိုတာ ရှိပါတယ်။ ၁၉၈၅ခုနှစ်က စတင်ခဲ့ပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန လက်အောက်မှာပါ။ ၁၉၉၁ခုနှစ်မှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကို လွှဲပြောင်းပေးခဲ့ပါတယ်။အကျယ်အဝန်းက မြေဧက ၆၀၀၀လောက်ရှိပြီး ပီလောပီနံ စိုက်ပါတယ်။ ပီလောပီနံကနေ အချိုမှုန့် ထုတ်တယ်။ ပီလောပီနံကနေ ထွက်လာတဲ့ ဘေးထွက်ပစ္စည်းတွေကို ဝက်မွေးမြူဖို့ ဆိုပြီး ဒိုက်ဦး မွေးမြူရေးခြံနဲ့ အစားအစာစက်ရုံတည်ခဲ့ပါတယ်။ ဝက်ကောင်ရေ ၁၀၀၀၀ကျော် မွေးမြူထားပါတယ်။ အစကတော့ အကောင်လိုက်၊ အရှင်လိုက်ရောင်းတဲ့လုပ်ငန်းပဲလုပ်တယ်။ထုတ်လုပ်မှု

အင်းစိန်ဘူတာရုံလမ်း ရုံးချုပ် အရောင်းဆိုင်တွင် အလုံးကြီး ကြက်ဥများ ၁၀လုံး ကျပ် ၁၁၀၀ ဈေးဖြင့် ရောင်းချပေးစဉ်။ (မြန်မာ့အလင်း)

စရိုက်ကိုမထိခိုက်စေဘဲ စားသုံးသူ ပြည်သူ သက်သာစေဖို့ အသားရောင်းလုပ်ငန်း လုပ်ဖို့ နည်းလမ်းရှာပါလို့ လူကြီးများရဲ့ လမ်းညွှန်မှာကြားချက်နဲ့အညီ ၂၀၀၇ခုနှစ် ဧပြီလလောက်ကစပြီး အသားရောင်း လုပ်ငန်း စတင်ခဲ့ပါတယ်။ ပျဉ်းမပင်၊ ရွာသာကြီး၊ မှော်ဘီ၊ ငါးဆူတောင် ကျေးရွာမှာ ကြက်ကို ခြံတွေနဲ့မွေးပြီး ဒိုက်ဦးနှင့် ပျဉ်းမပင်မှာတော့ ဝက်တွေ မွေးပါတယ်။ သန့်စင်၍ ကျန်းမာရေးနဲ့ ညီညွတ်ပြီး လတ်ဆတ်သန့်ရှင်း ရေလွှတ်ကင်းတဲ့ ကြက်သား၊ ဝက်သားတွေကို စားသုံးသူပြည်သူများလက်ဝယ် ဈေးနှုန်း သက်သက်သာသာ အလေးချိန်ပြည့်ပြည့်ဝဝ ရရှိစေဖို့ အဓိကရည်ရွယ်ပါတယ်။ အသားရောင်းလုပ်ငန်းက တစ်နှစ်ကျော်ကြာချိန် ရှိလာပြီမို့ စားသုံးသူများ ယုံကြည်မှု ရှိလာလို့ လုပ်ငန်းအောင်မြင်နေပါတယ်။ ဈေးများမှာ ဆက်လက် တိုးချဲ့ဖွင့်လှစ်ရောင်းချသွားမှာ ဖြစ်ပါတယ်" ဟု အထွေထွေမန်နေဂျာ ဒေါက်တာပြည့်စုံက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆက်လက်၍ အင်းစိန်ဘူတာရုံလမ်းရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်း(ရုံးချုပ်) အရောင်းဆိုင်တာဝန်ခံ ဦးသိန်းစိုးအား တွေ့ဆုံ၍ အရောင်းလုပ်ငန်းဆိုင်ရာများကို မေးမြန်းခဲ့ပါသည်။

ဈေးရောင်းကားကြီးဖြင့်

မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းရဲ့ ကြက်သား၊ ဝက်သား အရောင်းဆိုင်ကို ရန်ကုန်မြို့တွင်း နေရာ ခုနစ်နေရာမှာ နေ့စဉ် ရောင်းချပေးနေကြောင်း၊ မင်္ဂလာဒုံ ၁၀မိုင်ကုန်းဈေး၊ ရန်ကင်းဈေး၊ တာမွေဈေး၊ ပုဇွန်တောင်ဈေး၊ ဗိုလ်တထောင်မြို့နယ်(ချမ်းမြေ့ဈေး)၊ အင်းစိန်မြို့နယ် ရုံးချုပ် အရောင်းဆိုင်နှင့် ရန်ကုန်မြို့လယ် မြို့တော်ခန်းမအနီးတို့မှာ ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ခန်းမအနီးတွင် ဝန်ထမ်းနှင့် ပြည်သူများအတွက် ရည်ရွယ်ပြီး တနင်္လာနေ့မှ စနေနေ့အထိ နေ့စဉ် ညနေ ၃နာရီမှ ၅နာရီအထိ ဈေးရောင်းကားကြီးဖြင့် ရောင်းချပေးပြီး ဈေးများတွင်မှ နံနက်ပိုင်းဈေးဖွင့်ချိန်တွင် တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့တို့မှအပ နေ့စဉ် ရောင်းချပေးနေကြောင်း၊ ပြင်ပဈေးနှုန်းထက် သက်သာသော၊ သန့်စင်ပြီး လတ်ဆတ်သန့်ရှင်း ရေလွှတ်ကင်းသည့် ကြက်သားနှင့် အဆီနည်း အသားများသော လတ်လတ်ဆတ်ဆတ် ဝက်သားများကို ဒစ်ဂျစ်တယ်ချိန်ခွင်များဖြင့် ဝန်ထမ်းများကိုယ်တိုင် အလေးချိန်အပြည့် ရောင်းချပေးခြင်းအတွက် ဝယ်ယူစားသုံးသူများ ကျေနပ်မှု အပြည့်အဝရှိနေပါကြောင်း၊ တစ်ရက် ကြိုတင်မှာကြားပါက ငါးပိဿာနှင့်အထက်ဝယ်ယူသူတိုင်းကို ရန်ကုန်မြို့တွင်း အိမ်တိုင်ရာရောက် ဝန်ဆောင်ခမယူဘဲ လိုက်လံပို့ဆောင်ပေးနေရာ ဝါတွင်း ဆွမ်းလောင်းအသင်းများ၊ စက်မှုဇုန်များ၊ စက်ရုံ အလုပ်ရုံများကလည်း အချိန်၁၀ပိဿာမှ ၃၅ပိဿာအထိ မှာကြားဝယ်ယူကြသဖြင့် ပိဿာချိန် ၄၀၀-၅၀၀

"ပြင်ပဈေးနှုန်းထက် သက်သာတဲ့အတွက် ဝယ်ယူ စားသုံးသူများ ကျေနပ်မှုအပြည့်အဝရှိပါတယ်"
ဦးသိန်းစိုး
ရုံးချုပ်(အရောင်းတာဝန်ခံ)
(မြန်မာ့အလင်း)

လောက်အထိရောင်းပေးရသည့် နေ့များပင်ရှိပါကြောင်းဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

ကြက်သား၊ ဝက်သားဈေး

စက်တင်ဘာ ၁၆ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေးတွင် ဗမာကြက်အသားချည်း တစ်ပိဿာ ကျပ် ၉၀၀၀၊ အကောင်လိုက် ကျပ် ၈၀၀၀၊ မွေးမြူရေးစီပီ ကြက်အသား တစ်ပိဿာ ကျပ်၇၀၀၀၊ ဝက်သား ပေါင်သား တစ်ပိဿာ ကျပ် ၆၀၀၀၊ သုံးထပ်သား ကျပ် ၅၀၀၀၊ ဝက်နံရိုးအနု ကျပ် ၅၀၀၀၊

"စားသုံးသူ ပြည်သူများလက်ဝယ် ဈေးနှုန်းသက်သက်သာသာ၊ အလေးချိန် ပြည့်ပြည့်ဝဝရရှိစေဖို့ အဓိကရည်ရွယ်ပါတယ်"
ဒေါက်တာပြည့်စုံ
အထွေထွေမန်နေဂျာ
မွေးမြူရေးအစားအစာနှင့်
နို့ထွက်ပစ္စည်းလုပ်ငန်း
(မြန်မာ့အလင်း)

ဝက်နံရိုးအကြမ်း ကျပ် ၃၅၀၀ ဈေးတို့ဖြစ်သည်။

လိုသရွေ့ ရောင်းချ

ကြက်သားကို ခြေမပါ၊ ခေါင်းမပါ၊ ကလီစာမပါအကောင်လိုက်ဈေးတစ်ပိဿာလျှင် ကျပ် ၅၅၀၀၊ ဝက်သား ပေါင်သား ကျပ်၄၈၀၀၊ သုံးထပ်သား ကျပ်၄၂၀၀၊ ဝက်ကလီစာ (ရောရော) ကျပ်၄၀၀၀၊ ဝက်နံရိုး(အနု) ကျပ်၃၀၀၀၊ ဝက်နံရိုး (အကြမ်း) ကျပ်၂၀၀၀၊ ဝက်ခေါင်းသား ကျပ်၃၀၀၀၊ ဝက်လက် ကျပ်၂၂၀၀၊ ဝက်ခြေထောက် ကျပ် ၁၄၀၀ဈေးဖြင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်များမှ စားသုံးသူ ပြည်သူများသို့ အကန့်အသတ်မရှိ လိုသရွေ့ ချိန်တွယ်ရောင်းချပေးနေပါကြောင်း ဈေးကွက်သတင်းအဖြစ် ကွင်းဆင်းမေးမြန်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်မြို့လယ် မြို့တော်ခန်းမအနီးတွင် ဈေးရောင်းကားကြီးဖြင့် ကြက်သားနှင့် ဝက်သားများရောင်းချပေးနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

(မြန်မာ့အလင်း)

✻ *ကျော်ဖုံးမှ*

"မြန်မာ့အိုင်စီတီ လောကကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပြီး အိုင်စီတီအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ ကွန်ပျူတာဂိမ်းပြိုင်ပွဲတွေကို အားကစားပြိုင်ပွဲများအဖြစ် အသွင်ကူးပြောင်းပြီး e-sports ကို အကောင်အထည်ဖော်နိုင်ရေးနဲ့ လူငယ်ဂိမ်းမားများရဲ့ ကွန်ပျူတာ အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတိုးတက်ရေးအပြင် လူငယ် ဂိမ်းမားအဖြစ်မှ Gaming career ပုံစံသစ်မှာ မြန်မာလူငယ်တွေ ကြီးပွားတိုးတက်ရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပခြင်းဖြစ်ပါတယ်" လို့ ကိုမင်းဝင့်ဦးက မြန်မာ့အလင်းကို ရှင်းပြသည်။

မြန်မာဂိမ်းမားကလပ် အနေဖြင့် ၂၀၀၅ခုနှစ်ကပင် နှစ်စဉ် ကွန်ပျူတာဂိမ်းပြိုင်ပွဲများ ကျင်းပလာခဲ့ခြင်းဖြစ်သည်။

"ပြိုင်ပွဲဝင်မယ့်သူတွေ အနေနဲ့ အသက်ကန့်သတ်ချက်တော့ မရှိပါဘူး၊ ဒါပေမယ့် အသက်၁၆နှစ်အောက် လူငယ်တွေဆိုရင်တော့ မိဘအုပ်ထိန်းသူတွေရဲ့ ခွင့်ပြုချက်ပါရှိရမယ်။ ပြိုင်ပွဲဝင် တစ်ဦးစီရဲ့ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ သို့မဟုတ် ကျောင်းသားကတ်မိတ္တူနဲ့အတူ စက်တင်ဘာ ၂၂ရက်နောက်ဆုံးထားပြီး လျှောက်လွှာတင်စာရင်းပေးသွင်းရမှာ ဖြစ်ပါတယ်" ဟု ကိုမင်းဝင့်ဦးက မြန်မာ့အလင်းကို ပြောကြားသည်။

စာရင်းသွင်းနိုင်

ပြိုင်ပွဲဝင်မည့်သူများ အဆင်ပြေစေရန် ဖုန်း-၅၁၀၈၇၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပြီး လာရောက်လျှောက်ထားသူများအတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်မင်္ဂလာလမ်းအမှတ်၅၄

"ကွန်ပျူတာဂိမ်းပြိုင်ပွဲတွေကို အားကစားပြိုင်ပွဲများအဖြစ် အသွင်ကူးပြောင်း ကျင်းပခြင်းဖြစ်ပါတယ်"
ကိုမင်းဝင့်ဦး
ဥက္ကဋ္ဌ၊ မြန်မာဂိမ်းမားစ်ကလပ်

(ဒုတိယထပ်)သို့ လာရောက်စာရင်းပေးသွင်း လျှောက်ထားနိုင်ကြောင်းသိရသည်။

ယခုကျင်းပမည့် ကွန်ပျူတာဂိမ်းပြိုင်ပွဲကို မြန်မာဂိမ်းမားကလပ်နှင့် ရွှိုင်ရယ်ရောဝတီကုမ္ပဏီတို့က ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

"အခုကျင်းပမယ့် ဂိမ်းပြိုင်ပွဲအမည်ကို 'Foxconn ဖလား ၂၀၀၈ ဒိုတာဆိုက်ဘာဂိမ်းပြိုင်ပွဲ' လို့ အမည်ပေးထားပါတယ်။ ရန်ကုန်မြို့ လှိုင်မြို့နယ်မှာရှိတဲ့ မြန်မာအင်ဖိုတက်ခ် ဆွေးနွေးပွဲခန်းမကြီးမှာ စက်တင်ဘာ၂၃ရက်ကနေပြီး ၂၆ရက်အထိ နေ့စဉ်ကျင်းပသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အသင်း ၄၀အထိ ပါဝင်ယှဉ်ပြိုင်နိုင်ပါတယ်"ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

အားကစားပြိုင်ပွဲပုံစံ

ယခုကျင်းပမည့် ကွန်ပျူတာဂိမ်းပြိုင်ပွဲကို အားကစားပြိုင်ပွဲပုံစံမျိုးကျင်းပသွားမည် ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် အသင်း တစ်သင်းလျှင် အသင်းခေါင်းဆောင် တစ်ဦး၊ ကစားသမား လေးဦး၊ အရန်ကစားသမား နှစ်ဦးနှင့် အသင်းမန်နေဂျာတစ်ဦး အပါအဝင် လူရှစ်ဦး ပါဝင်မည်ဖြစ်သည်။

ချီးမြှင့်မည်

"ပြိုင်ပွဲဝင် အသင်းတွေအတွက် အုပ်စုကတက်လာတဲ့ အသင်းတိုင်းကို ဆုတွေ ပေးသွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ပထမဆုကိုငွေကျပ်ငါးသိန်း၊ဒုတိယဆုကို ငွေကျပ်သုံးသိန်းနဲ့ တတိယဆုကို ငွေကျပ်တစ်သိန်း ချီးမြှင့်သွားမှာဖြစ်ပြီး အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံး First Blood ဆု၊ အကောင်းဆုံး Hero Kill ဆု၊ အသန့်ရှင်းဆုံး အသင်းဆုနဲ့ အထူးဆုတွေကိုလည်း ချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

မြန်မာ အင်ဖိုတက်ခ် ဆွေးနွေးပွဲခန်းမကြီး၌ ကွန်ပျူတာအလုံး ၅၀ ဖြင့် ကျင်းပမည့် 'Foxconn ဖလား ၂၀၀၈ ဒိုတာဆိုက်ဘာဂိမ်းပြိုင်ပွဲ'၌ အိုင်တီကို စိတ်ဝင်စားသည့် လူငယ်များ တပျော်တပါး ဆင်နွှဲနိုင်ရေး အိုင်တီသတင်းစကား ဖြန့်ခင်းပေးလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

17-9 (06).pmd 1 9/18/2008, 2:49 AM

ဝယ်လိုအားများသည့်တာယာများ ဦးစားပေးထုတ်လုပ် အရည်အသွေးကောင်းမွန်ရေး ဂရုပြုဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၆

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် စက်တင်ဘာ၁၃ရက် နံနက်ပိုင်းက မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ရေဒီယယ်တာယာထုတ်လုပ်မှုစက်ရုံ စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းနယ်မြေအတွင်း တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ်ရှိ အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ၌ တာယာများထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး**(အောက်ပုံ)** ဈေးကွက်အရ ဝယ်လိုအားများသည့် တာယာများကို ဦးစားပေးထုတ်လုပ်ရန်၊ အရည်အသွေးကောင်းမွန်ရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် ညနေပိုင်းတွင် ကျိုက်ထိုမြို့နယ်ရှိ မရမ်းကုန်း ရော်ဘာခြံကို ကြည့်ရှုစစ်ဆေးပြီး ရွှေဖြူဟု တင်စားရလောက်သော ရော်ဘာပင်များကို ဂရုတစိုက်ပြုစုရန်၊ အစေးလှီးရာတွင် စနစ်တကျဆောင်ရွက်ရန်၊ လျာထားချက်ပိုမိုထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကောက်စိုက်လုံမေအဖွဲ့များ ရွှေဘို(၁) စပါးမျိုးအတန်းလိုက် စိုက်ပျိုးမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၁၆

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဩဂုတ်၂၀ရက်က ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာ မိုးစပါးစံပြဧက ၂၀၀စိုက်ကွက်၌ ကျင်းပသော မွန်ပြည်နယ် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် မိုးစပါးစံပြစိုက်ကွက်တွင် ကောက်စိုက်လုံမေအဖွဲ့များက ရွှေဘို(၁)စပါးမျိုး အတန်းလိုက်စိုက်ပျိုးနေမှု၊ လယ်သမားများက မြေဩဇာကြဲပက်နေမှုတို့ကို လိုက်လံကြည့်ရှု အားပေးသည်။

ငါးမျိုးစိုက်ထည့်

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ စပါးစိုက်ခင်းများအတွင်း ငါးခုံးမနှင့် တီလားပီးယား စုစုပေါင်း ငါးသားပေါက်ကောင်ရေ လေးသောင်းကို ငါးမျိုးစိုက်ထည့် ပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် စံပြစိုက်ကွက်အတွင်း မျိုးယှဉ်ပြိုင်ကွက်၊ မြေဩဇာကျွေး စမ်းသပ်ကွက်နှင့် ရွှေဘို(၁)စပါးမျိုးကို အဆင့်မြင့်နည်းပညာသုံး၍ စိုက်ပျိုးထားသော ပြကွက်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ လယ်သမားများအား အထွက်ကောင်းသည့် စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးသွားနိုင်ရေးကို မှာကြားသည်။ **(သတင်းစဉ်)**

ပန်းတောင်းနှင့် မြန်အောင်မြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း)ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကို စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းက ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတက်ရောက်၍ အသင်းဆိုင်ရာကိစ္စများ ဆွေးနွေးမှာကြားသည်။

ဂုဏ်ပြုချီးမြှင့်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ရွာဝတီတိုင်း လေဘေးသင့်ဒေသများသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့်အသင်းဝင်လူငယ်များနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ယင်းနောက် အသင်း၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဗဟိုအလုပ်အမှုဆောင်နှင့် စေတနာရှင်ပြည်သူများက အလှူငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် တာခွကျေးရွာ အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ကျောင်းစာကြည့်တိုက်၌ အသုံးပြုရန် စာနယ်ဇင်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်း၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ဘာသာရပ်အလိုက် သင်ကြားပို့ချပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

အမှာစကားပြောကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် စက်တင်ဘာ၁၄ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့ အောင်ဇေယျခန်းမ၌ ကျင်းပသည့် အသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)သို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကြံခင်းမြို့နယ် ရွာဦးခန်းမ၌ကျင်းပသည့် အသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)သို့ လည်းကောင်း တက်ရောက် အမှာစကားပြောကြားကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေနှင့် မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် နေခြည် အခြေခံပညာအထက်တန်းကျောင်းခွဲများအတွက် ကွန်ပျူတာတစ်စုံစီတို့ကို ပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော အသင်းဝင်လူငယ်များနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက်ကောင်းသော ကျောင်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုဒုံမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၆

မွန်ပြည်နယ် မုဒုံမြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၁)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၈)နှင့် အိမ်တွင်းမှု လက်မှုလုပ်ငန်း ကြိမ်သင်တန်း အမှတ်စဉ်(၅) ဖွင့်ပွဲကို ဩဂုတ် ၂၅ရက်က အဆိုပါကျောင်း၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားသည်။

တက်ရောက်

အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၁)သို့ သင်တန်းသူ ၄၇ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၈)သို့ သင်တန်းသူ ၁၂ ဦး၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း ကြိမ်သင်တန်းအမှတ်စဉ်(၅)သို့ သင်တန်းသူနှစ်ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ၁၄ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်မရောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၌ ထူးချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးလှထွန်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

ဆော့ဖ်ဝဲလ်ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၆

Yoma Technologies က ကြီးမှူး၍ Software Development Course With Java သင်တန်းကို British Software Engineer မှ ဦးစီးကာ Yoma Technologies မှ Senior Developer များက စက်တင်ဘာ ၂၄ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက် အဆောင် ၂၊ အခန်း၃၌ သင်ကြားပို့ချမည် ဖြစ်သည်။

ရရှိနိုင်မည်

Software Development Course With Java သင်တန်းတက်ရောက်မှုကြောင့် Software Development Lifecycle တစ်ခုကို ကောင်းစွာနားလည်၍ လုပ်ငန်းခွင်တွင် အကောင်းဆုံးအသုံးချနိုင်ခြင်း၊ Java Programming Language အသုံးပြု၍ အခြေခံမှစကာ Software Application တစ်ခုကို Develop လုပ်ရာတွင် လက်တွေ့ အတွေ့အကြုံရရှိခြင်း၊ Java Programmer Certification များအတွက် ခိုင်မာသည့် အခြေခံကောင်းများရရှိခြင်းအပြင် Software Development Team သို့ ဝင်ရောက်နိုင်မည့် အခွင့်အလမ်းနှင့် Yoma Technologies ဖြင့် Training Scholarship ရရှိနိုင်မည်ဖြစ်သည်။ Java ပရိုဂရမ် Language ဖြင့် ပရိုဂရမ်များ ရေးသားနိုင်သော်လည်း Software တစ်ခု Develop လုပ်ရန်အတွက် Professional များထံတွင် စနစ်တကျ ထပ်မံ၍လေ့လာရန် လိုအပ်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် Advanced Java Programming, JDBC, Object Oriented Design, UML တို့ကို တတ်မြောက်ပြီးဖြစ်ရမည်ဖြစ်ပြီး ကြိုတင်လိုအပ်ချက်များအတွက် သီးသန့်အစီအစဉ်များ စီစဉ်ထားသည်။

သင်ကြားပို့ချ

Software Development Course (Java Language) တွင် Explore Software Development Lifecycle၊ Understand importance of Quality & Maintainability of Software၊ Explore Software Architectures and their Usages၊ Learn Component Based Development၊ Learn Software Design Patterns recognized as the Industry Standard Discaver Industry Best Practices Apply all of the above on a practical Project တို့ကို သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းချိန်မှာ တနင်္လာမှ သောကြာအထိ တစ်နေ့လျှင် သုံးနာရီဖြင့် နာရီပေါင်း ၁၂၀ သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် ဖုန်း-၇၀၃၂၃၀၊ ၆၅၂၂၆၄၊ ၅၀၃၅၉၉၊ Web Page www.yoma technologies.com သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* *ရှေ့ဖုံးမှ*

အထောက်အကူဖြစ်

ပြိုင်ပွဲဝင်ခဲ့သည့် မြန်မာလူငယ်အသင်းမှာ လေ့ကျင့်ပြင်ဆင်ချိန်ကာလကတည်းက ထပ်ဆင့်အောင်မြင်မှုရရှိရန် အထူးလေ့ကျင့် ပြင်ဆင်ခဲ့သည့်အတိုင်းပင် နည်းပြ ဦးခင်မောင်တင့်နှင့် ဦးကျော်လွင်တို့၏ စွမ်းဆောင်မှု၊ ကစားသမားတို့၏ ဖွဲ့၊ စိတ်ဓာတ်အပြည့်တို့ဖြင့် ကြိုးစားအားထုတ်မှုတို့၏ ရလဒ်အဖြစ် အောင်မြင်မှုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၅ အာဆီယံ ယူ-၁၇ ချန်ပီယံအသင်းမှ အသက်မီသူ ကိုးဦးနှင့် သက်တမ်းအလိုက် လူငယ်ပြိုင်ပွဲများမှာ ယှဉ်ပြိုင်ဖူးသူ အများစုပါဝင်လာခြင်းကလည်း မြန်မာလူငယ်အသင်းကို ဗိုလ်စွဲရာ၌ အထောက်အကူပြုခဲ့ခြင်း ဖြစ်သည်။

ရှုံးပွဲမရှိ

အသက်(၂၁)နှစ်အောက်ဘောလုံးပြိုင်ပွဲအဖြစ်ကျင်းပခဲ့သည့် ၂၀၀၇ခုနှစ် မဲခေါင်အားကစားပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းက ရှုံးပွဲမရှိ အနိုင်ရဗိုလ်စွဲခဲ့သလို ယခု အသက်(၁၈)နှစ်အောက် ဘောလုံးပြိုင်ပွဲအဖြစ် ကျင်းပသည့် ၂၀၀၈ခုနှစ် မဲခေါင်အားကစားပြိုင်ပွဲတွင်လည်း ရှုံးပွဲမရှိ ထပ်မံအနိုင်ရ ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ ၂၀၀၇ခုနှစ် ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းသည် လေးပွဲကစားရာ၌ လေးပွဲစလုံး အနိုင်ရရှိကာ(၁၂)မှတ်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယခု ၂၀၀၈ပြိုင်ပွဲတွင် မြန်မာ၊ (အိမ်ရှင်)ထိုင်း၊ ဗီယက်နမ်နှင့် လာအိုတို့ လေးသင်းယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိဘဲ ခုနစ်မှတ်ရရှိကာ ဗိုလ်စွဲသွားခဲ့ခြင်းဖြစ်သည်။ မြန်မာလူငယ်အသင်းသည် လာအိုအသင်းနှင့် ပွဲဦးထွက် တစ်ဂိုးစီ သရေကျခဲ့ပြီး အိမ်ရှင် ထိုင်းလူငယ်အသင်းကို သုံးဂိုး- နှစ်ဂိုး၊ ဗီယက်နမ် လူငယ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့ကာ လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပခဲ့၍ ပြိုင်ပွဲအပြီးတွင် မြန်မာက ခုနစ်ဂိုးဖြင့် ပထမ၊ ထိုင်းက ခြောက်ဂိုးဖြင့် ဒုတိယ ရရှိခဲ့ကြသည်။ မြန်မာလူငယ်အသင်းသည် သုံးပွဲကစားရာ၌ ၁၁ဂိုးသွင်းပြီး သုံးဂိုးသာပေးခဲ့ရသည်။ မြန်မာအသင်းအတွက် ဂိုးများကို တင်ဇော်မိုးက လေးဂိုး၊ ကျော်ကျော်ခိုင်က သုံးဂိုး၊ စိုးမင်းနိုင်က နှစ်ဂိုး၊ ဝင်းသူနှင့် ဒေးဗစ်ဒန်းတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။

အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းသည် ယနေ့နံနက်၁၁နာရီက ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပထမချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်ပေးခဲ့သော မြန်မာလူငယ်ဘောလုံးအသင်းအား မြန်မာ့အလင်းသတင်းအဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးရောက်မဆိုက်သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ယှဉ်ပြိုင်ကစား

နည်းပြချုပ် ဦးခင်မောင်တင့်က "၂၀၀၇ပြိုင်ပွဲတွင် မြန်မာယူ-၂၁ အသင်းက အနိုင်ရဗိုလ်စွဲခဲ့သလို ယခု ယူ-၁၈ ပြိုင်ပွဲတွင်လည်း မိမိတို့ ချန်ပီယံဆုဖလားရယူနိုင်ခဲ့၍ ဝမ်းသာဂုဏ်ယူပါကြောင်း၊ မိမိတို့အသင်း ဗိုလ်စွဲခဲ့ခြင်းမှာ အိမ်ရှင်ထိုင်းကို အနိုင်ရခဲ့သည့်ပွဲက အဓိက အဆုံးအဖြတ်ဖြစ်ခဲ့ပါကြောင်း၊ လာအိုနှင့်ပွဲတွင် အသင်းလိုက် အနိုင်ရရှိနိုင်သော်လည်း ကွင်းလယ်ဒိုင်က ဂိုးတစ်ဂိုးကို လူကျွံဘောအဖြစ် သတ်မှတ်ခဲ့၍ နစ်နာခဲ့ပါကြောင်း၊ လာအိုနှင့်ပွဲတွင် သရေကျခဲ့၍ အိမ်ရှင်ထိုင်းနှင့်ပွဲကို အနိုင်ရရှိရမည်ဟု စိတ်ဓာတ်ထည့်ကာ ယှဉ်ပြိုင်ကစားခဲ့ပါကြောင်း။

ပထမပိုင်းတွင် တင်ဇော်မိုးနှင့် ဝင်းသူတို့သွင်းသော နှစ်ဂိုးဖြင့် အနိုင်ရနေပြီး ဒုတိယပိုင်းအစတွင် ပယ်နယ်တီကနေ တစ်ဂိုးပေးလိုက်ရကြောင်း၊ စိုးမင်းနိုင်က တစ်ဂိုးထပ်သွင်းပြီး ထိုင်းက တစ်ဂိုး ပြန်ချေပသော်လည်း ပွဲအပြီးတွင် သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ထိုင်းကိုအနိုင်ရထား၍ စိတ်ဓာတ်တက်ကာ ဗီယက်နမ်နှင့်ပွဲတွင်လည်း အကောင်းဆုံး ကစားနိုင်ခဲ့ပါကြောင်း၊ ဗီယက်နမ်နှင့်ပွဲတွင် ပထမပိုင်းကတည်းက ငါးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပါကြောင်း၊ အနိုင်ဂိုးများကို ကျော်ကျော်ခိုင်က သုံးဂိုး၊ တင်ဇော်မိုးက နှစ်ဂိုးနှင့် ဒေးဗစ်ဒန်း၊ စိုးမင်းနိုင်တို့က တစ်ဂိုးစီ သွင်းယူခဲ့ပါကြောင်း၊ ယှဉ်ပြိုင်ခဲ့သည့်သုံးသင်းတွင် ထိုင်းမှာအကောင်းဆုံးဖြစ်ပြီး ကစားပုံအရရော တစ်ဦးချင်း ကျွမ်းကျင်မှုပါ ကောင်းခဲ့ပါကြောင်း၊ ပွဲစဉ်ရေးဆွဲထားပုံအရလည်း မိမိတို့က ဗီယက်နမ်နှင့် နောက်ဆုံးမှကစားခဲ့ရ၍ အခွင့်အလမ်းပိုကောင်းသွားကြောင်း သုံးရက်ဆက်တိုက် ကစားရသော်လည်း လေ့ကျင့်ပြင်ဆင်ကတည်းကကြိုတင်ပြင်ဆင်ထားပြီးဖြစ်၍ အခက်အခဲမရှိပါကြောင်း၊ ကစားသမား ၁၈ဦးစလုံးကိုထည့်သွင်းအသုံးပြုခဲ့ပါကြောင်း" ဖြင့် ပြောကြားသွားသည်။

နိုင်ငံ့ဂုဏ်ဆောင်

ခြေစွမ်းပြခဲ့သူ တိုက်စစ်မှူး တင်ဇော်မိုးက "မိမိအတွက် ဒုတိယမြောက် ရွှေတံဆိပ်ဖြစ်ပါကြောင်း၊ ၂၀၀၅ ခုနှစ်တွင် အာဆီယံ ယူ-၁၇ ပြိုင်ပွဲတွင် ဗိုလ်စွဲစဉ်က ပထမဦးဆုံးဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲတွင် သုံးပွဲစလုံး ဂိုးသွင်းနိုင်ခဲ့ကြောင်း၊ ရွှေနှစ်ခုရထားသော်လည်း မိမိ၏ရည်မှန်းချက်များ မပြည့်ဝသေးကြောင်း၊ လက်ရွေးစင်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။ တင်ဇော်မိုးသည် လာအိုနှင့်ပွဲ၌ တစ်ဂိုး၊ ထိုင်းနှင့်ပွဲ၌ တစ်ဂိုး၊ ဗီယက်နမ်နှင့်ပွဲ၌ နှစ်ဂိုးတို့ သွင်းယူခဲ့သည်။

ချန်ပီယံမြန်မာလူငယ်အသင်းတွင် နည်းပြချုပ်အဖြစ် ဦးခင်မောင်တင့်(ပို့ဆောင်ရေး)၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်လွင် (ကာကွယ်ရေး)၊ အားကစားသမားများအဖြစ် တင်ဇော်မိုး(ဆောက်လုပ်ရေး)၊ စိုးမင်းနိုင်(မြန်မာ့မီးရထား)၊ ကျော်ကျော်ခိုင်(ဘဏ္ဍာ/အခွန်)၊ ဒေးဗစ်ဒန်း (Air Bagan)၊ ဝင်းသူ(မြို့တော်စည်ပင်)၊ တင်ဝင်းအောင်(Air Bagan)၊ ကြည်လင်း(ပို့ဆောင်ရေး)၊ ဟိန်းဇာအောင်(မြို့တော်စည်ပင်)၊ မျိုးမင်းလတ်(ပို့ဆောင်ရေး)၊ ကျော်ဇေယျာဝင်း(Air Bagan)၊ ဉာဏ်လင်းထွန်း(စွမ်းအင်)၊ နိုင်ဇင်(ကမ္ဘောဇ)၊ သန်းထွန်းအောင် (မြန်မာ့မီးရထား)၊ နိုင်လင်းထွန်း(စွမ်းအင်)၊ မင်းနောင်ဦး(ပို့ဆောင်ရေး)၊ အောင်ရဲသွေး (ဘဏ္ဍာ/အခွန်)၊ ဇော်နိုင်ထွန်း (မြို့တော်စည်ပင်)နှင့် နေလှိုင် (ကမ္ဘောဇ)တို့ ပါဝင်ကြသည်။ ။

(မြန်မာ့အလင်း)

အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့ အောင်ပွဲရမြန်မာလူငယ်ဘောလုံးအသင်းအား ကြိုဆိုနှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)

ခြေစွမ်းပြပြီး လေးဂိုးသွင်းခဲ့သူ တင်ဇော်မိုး။ (မြန်မာ့အလင်း)

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ကျောက်ခွက်/လက်ပံတို ရေနံမြေစစ်ဆေး ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေး ကြိုးပမ်းရန်မှာကြား

နေပြည်တော် စက်တင်ဘာ ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် စက်တင်ဘာ ၁၄ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်တို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်/လက်ပံတို ရေနံမြေသို့ သွားရောက်စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် လက်ပံတိုရေနံမြေအတွင်း National 55/1 တွင်းတူးစက်ဖြင့် တွင်းသစ်အမှတ်(၈၈) တူးဖော်နေမှု၊ တွင်းအမှတ်(၈၄)၏ ရေနံထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်ခွက်/လက်ပံတို ရေနံမြေတစ်ခုလုံးအနေဖြင့် တစ်နေ့လျှင် ရေနံစည်၈၂၀ခန့် နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် ကျောက်ခွက်ရေနံမြေအတွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ရရှိရန် အလားအလာကောင်းမွန်သော ပေနက်တွင်းသစ်များ တူးဖော်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသော ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ရှင်းလင်းဆောင်၌ ဘူမိဗေဒအရာရှိချုပ်က လက်ရှိဆောင်ရွက်လျက်ရှိသော ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်း အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ပြည်တွင်းစက်သုံးဆီ သုံးစွဲမှုဖူလုံစေရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နည်းလမ်းပေါင်းစုံအသုံးပြု၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပမှ ဝယ်ယူထားသော ပေနက်တွင်းတူးစက်များ မကြာမီ ရောက်ရှိလာမည်ဖြစ်သဖြင့် ပေနက်တွင်းသစ်များအတွက် နေရာများကို ယခုနှစ်မှစ၍ စနစ်တကျ ရွေးချယ်တိုင်းတာ သတ်မှတ်ထားရန်၊ လိုအပ်ချက်အရ နိုင်ငံတော်က ငွေကြေးအကုန်အကျခံပြီး ပြည်ပမှဝယ်ယူတင်သွင်းရသည့် ပေနက်တွင်းတူးစက်များကို ထိထိရောက်ရောက် အသုံးပြု၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်သွားရန်နှင့် သက်ဆိုင်ရာ ဝန်ထမ်းများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန် စသည်ဖြင့်မှာကြားကာ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

လိုအပ်သည်များပံ့ပိုး

ထို့နောက် ဝန်ကြီးသည် ဆိုက်စမစ်လုပ်ငန်းခွင်အတွင်း အလားအလာ ကောင်းမွန်သည့် ပေနက်တွင်း နေရာသစ်များ ရှာဖွေတိုင်းတာနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ကျောက်ခွက်ရေနံမြေအတွင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ရရှိရန် အလားအလာကောင်းမွန်သော ပေနက်တွင်းသစ်များ တူးဖော်ရန်အတွက် ဆိုက်စမစ်တိုင်းတာရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ဇဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်း အခြေခံသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၆

ဇဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၇၉) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၇နာရီခွဲက ဇဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရှိ အုန်းတောခန်းမ၌ ကျင်းပရာ ဇဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ သင်တန်းသား ၅၄ဦး၊ သင်တန်းသူ ၁၁၄ဦး၊ စုစုပေါင်း ၁၆၈ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်စိုက်

ရွှေတိုက်ကိုစိုး

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံကြီးများနှင့် လွတ်လပ်စွာ ကုန်သွယ်မှု အခွင့်အလမ်းများ ရရှိလာတော့မည့်အပေါ် သုံးသပ်ချက်များပါသည့်

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၆

"လွတ်လပ်သော ကုန်သွယ်မှုမှသည် လွတ်လပ်ပွင့်လင်းသော စီးပွားရေးဝန်းကျင်သစ်ဆီသို့ ..." မြန်မာနိုင်ငံသည် စီးပွားရေးအခွင့်အလမ်းကောင်းများ တိုးတက်ရရှိလာမည့်အပေါ် စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၃၆) ထွက်ရှိလာသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ဒဂုံမြို့သစ်ဒေသ အထူးစိုက်ပျိုးရေးဇုန်ကြီးကို ပုဂ္ဂလိကနှင့်ပူးပေါင်းကာ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ထူထောင်သွားမည်၊ မြန်မာသင်္ဘောသား ၁၄ဦးပါ ကုန်တင်သင်္ဘော ပြန်ပေးဆွဲခံရမှုအကြောင်း၊ မြန်မာအပါအဝင် ဘင်းမ်စတက် နိုင်ငံများပူးပေါင်း၍ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဘုံစီမံကိန်းကိုးခု သတ်မှတ်ဆောင်ရွက်မည်။ မြန်မာဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ကိုရီးယားကစိတ်ဝင်စား၊ ရန်ကုန်တွင် လေထုအရည်အသွေးတိုင်းတာခြင်းလုပ်ငန်းများ လုပ်ဆောင်မည်၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ RCC ရေလှောင်တမံကြီး ရာနှုန်းပြည့်နီးပါးပြီးစီးပြီ၊ အာရှပထမဆုံး သဲသောင်ပြင် အားကစားပြိုင်ပွဲ မြန်မာဝင်ပြိုင်မည်၊ ပြည်ပလေထီးခုန်သမား သုံးဦး တောင်ကြီးမီးပုံပျံပွဲတော်တွင် အလွတ်ခုန်ချပြသမည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **"အသိပညာနှင့် အတတ်ပညာ"**အကြောင်း စသည့်ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများပါရှိသည်။

စင်ကာပူတွင် ဥပဒေဖောက်ဖျက်ကျူးလွန်၍ နိုင်ငံရင်းသို့ ပြန်ပို့ခံရသော နိုင်ငံခြားသားဦးရေတိုးလာ၊ စပါးစိုက်ပျိုးရေးနှင့် ဆင်းရဲသားလယ်သမားများကို ကာကွယ်ပေးရန် ဂေါက်ကွင်းသစ်လိုင်စင်ချထားပေးမှုများ ဗီယက်နမ်ရပ်ဆိုင်း၊ မဖွယ်မရာ ဓာတ်ပုံတုအသုံးပြု၍ နိုင်ငံရေးအရ ဆာရာပလင်းထိုးနှက်ခံနေရ၊ မြောက်ကိုရီးယား နျူကလီးယားစက်ရုံ ပြန်လည်တပ်ဆင်မှုများစတင်၊ လူ့သက်တမ်းကိုရှည်စေပြီး ကင်ဆာရောဂါပါတားဆီးပေးနိုင်မည့် နည်းလမ်းသစ်ရှာဖွေတွေ့ရှိ၊ **"ချစ်သူဟောင်းကိုသတ်ပြီး သဲကန္တာရတွင်း ပစ်ချခဲ့သူ တစ်ယောက်အကြောင်း"** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **"ပြောရဦးမယ် သူတို့ကဒီလိုတဲ့"** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍ စုံလင်စွာ ပါရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာ-သဃ်န်းကြီး-ပြင်စလူ လမ်း၏ လပွတ္တာ-သဃ်န်းကြီး အပိုင်း မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာတွင် ဝါဝါဝင်းကုမ္ပဏီက တာဝန်ယူဆောက်လုပ်ထားသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်များကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ပုသိမ်မြို့မှ လပွတ္တာမြို့နယ် သဃ်န်းကြီးကျေးရွာသို့ နံနက်၉နာရီတွင် ရဟတ်ယာဉ်များဖြင့် ရောက်ရှိသည်။

ရှေးဦးစွာဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းတင့်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က လမ်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာအနီး၌ ရေဘေးမှခိုလှုံနိုင်ရန် နမူနာတည်ဆောက်ထားသည့် သက်ကယ်တောင်ကုန်း (Hillock)ကို ကြည့်ရှုစစ်ဆေးကြရာ လပွတ္တာမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက အကာအကွယ်ရနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် သဃ်န်းကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်သွားလာရေး ကိစ္စများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုမေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာတွင် ဈေးဆိုင်ငယ်များ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။

ပံ့ပိုးဆောင်ရွက်

ထို့နောက် ဝန်ကြီးချုပ်သည် ယာယီရှင်းလင်းဆောင်၌ သဃ်န်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ကုန်းကြီး၊ ဒုကုဋ္ဌ၊ ဂုံညင်းတန်း၊ သဃ်န်းကြီးရွာလေး၊ ရွှေ စသည့် ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် သဃ်န်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ၏ နေရေး၊ စားရေးနှင့် မူလအသက်မွေးဝမ်းကျောင်းအလိုက် လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

သဃ်န်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများသည် ပင်လယ်အဝတွင် တည်ရှိသည့် ဒေသများဖြစ်၍ သဘာဝဘေးအန္တရာယ် ကျရောက်မှုကို ပိုမိုတွေ့ရှိရနိုင်သည့် ကျေးရွာများဖြစ်ကြောင်း၊ ပြီးခဲ့သည့် လေမုန်တိုင်းဒဏ်ကြောင့် ဤဒေသတွင် အသက်အိုးအိမ်ဆုံးရှုံးမှု များစွာရှိခဲ့သည်ကို မိမိတို့ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရပြီဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မည့် ကျေးရွာများကို လုံခြုံစိတ်ချစွာ နေထိုင်နိုင်သည့် နေရာများတွင် နေထိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

လုံခြုံစိတ်ချ

ဤဒေသရှိ သဘာဝဘေးအန္တရာယ် ကြုံတွေ့နိုင်သည့် ကျေးရွာများကိုလည်း ဒေသနေ ပြည်သူများ၏ ဆန္ဒနှင့်အညီ လုံခြုံစိတ်ချရမည့်နေရာများ၌ နေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပင်လယ်ပိုင်းဒေသများအထိ ဆက်သွယ်သွားလာနိုင်ပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက ဘေးအန္တရာယ်လွတ်ရာများသို့ အလွယ်တကူရှောင်ရှားနိုင်ရန် လမ်းကွန်ရက်စနစ်ကိုအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ဤဒေသတွင်လည်း လပွတ္တာ-သဃ်န်းကြီး-ပြင်စလူ ကားလမ်းကို ဖောက်လုပ်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာ-သဃ်န်းကြီး- ပြင်စလူလမ်း၏ လပွတ္တာ-သဃ်န်းကြီးအပိုင်း မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဖောက်လုပ်ပြီးစီး

လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်းမှာ ၃၅မိုင် ၂ဖာလုံရှိသည်။ ယင်းလမ်းကို လပွတ္တာ-သဃ်န်းကြီးအပိုင်း၊ သဃ်န်းကြီး-စလူဆိပ်အပိုင်း၊ စလူဆိပ်-ပြင်စလူ အပိုင်းဟူ၍ သုံးပိုင်းခွဲခြားကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဖောက်လုပ်လျက်ရှိသည်။ ယင်းလမ်းပိုင်းများအနက် ၁၈မိုင်ဖဖာလုံရှိ လပွတ္တာ-သဃ်န်းကြီးအပိုင်းမှာ တစ်ကြောင်းထိုးလမ်းအဖြစ် ဖောက်လုပ်ပြီးစီးနေပြီဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာ-သဃ်န်းကြီး လမ်းပိုင်းကို ရဟတ်ယာဉ်ပေါ်မှ ထပ်မံကြည့်ရှုစစ်ဆေးပြီး ပြင်စလူမြို့သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြင်စလူမြို့၌ မက်စ်(မြန်မာ) ကုမ္ပဏီလီမိတက်က လေဘေးသင့်အိုးအိမ်မဲ့ပြည်သူများအတွက် တာဝန်ယူဆောက်လုပ်ပေးထားသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီးချုပ်သည် ပြင်စလူမြို့မှဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ပြင်စလူမြို့ရှိ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ပြင်စလူမြို့၌ မြို့ကွက်ဖော်ထုတ်ခဲ့မှု၊ ဆောက်လုပ်ပြီးအိမ်များ၌ ဒေသခံပြည်သူများအား နေရာချထားပေးမှုအပါအဝင် ပြင်စလူမြို့ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မက်စ်(မြန်မာ) ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကုမ္ပဏီနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ပြင်စလူမြို့၌ မိုးစပါးဧက ၅၀၀၀ စိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ ပြင်စလူမြို့ တည်ဆောက်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စီမံဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ပြင်စလူမြို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများကို ညှိနှိုင်းစီမံ ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့မှ လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိုးလောင်းကျေးရွာမှ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဝါဝါဝင်းကုမ္ပဏီက တာဝန်ယူဆောက်လုပ်ထားသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်များကိုလည်းကောင်း၊ မုန်တိုင်းကြောင့် အိုးအိမ်မဲ့သွားသူများအား ဆောက်လုပ်ပြီးနေအိမ်များတွင် စနစ်တကျ နေရာချထားပေးမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပိုးလောင်းကျေးရွာ ဖွံ့ဖြိုးတိုးတက်လာမှုများကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိုးလောင်းကျေးရွာမှ ပြန်လည်ထွက်ခွာကြပြီး လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးကျေးရွာ အခြေအနေ၊ သိပ္ပံကုန်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၏ မိုးစပါးစိုက်ပျိုးထားမှုများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံ

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်သိမ်းတို့သည် မွန်းလွဲ ၁နာရီခွဲတွင် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဧရာဝတီတိုင်း ပုသိမ်ခရိုင်နှင့် ပုသိမ်၊ ကန်ကြီးထောင့်၊ ကျောင်းကုန်းမြို့နယ်တို့မှ တိုင်း၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက အသင်းအဆင့်ဆင့်၏ စည်းရုံးဆောင်ရွက်ချက်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်သိမ်းတို့က လိုအပ်သည်များကို မှာကြားကြသည်။ **(သတင်းစဉ်)**

ပြင်စလူမြို့၌ မက်စ်(မြန်မာ) ကုမ္ပဏီလီမိတက်က လေဘေးသင့် အိုးအိမ်မဲ့ ပြည်သူများ အတွက် တာဝန်ယူ ဆောက်လုပ်ပေးထားသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်များကို တွေ့ရစဉ်။
(သတင်းစဉ်)

လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာကို ဝေဟင်မှတွေ့ရစဉ်။
(သတင်းစဉ်)

ပလေယာအသစ်များ .... statesman ဖြစ်ကြပါစေ

စာနယ်ဇင်းသမားတစ်ယောက်အနေဖြင့် New Statesman ဟူသည့် ပြည်ပသတင်းစာတစ်စောင်၏ အမည်ကို အမှတ်ထင်ထင် ရှိခဲ့ပါသည်။ တစ်နေ့တွင် သတင်းစာဆောင်းပါးပေါင်းချုပ် စာအုပ်တစ်အုပ်ကိုဖတ်ရင်း ဆောင်းပါးတစ်ပုဒ်၌ The difference between a politician and a statesman is : a politician thinks of the next election and a statesman thinks of the next generation ဟူသည့် အဆိုအမိန့်ကို တွေ့လိုက်ရပါသည်။ James Freeman Clarke ဆိုသူက ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် Statesman ဆိုသည့် ဝေါဟာရကို သဘောတွေ့သွားပါသည်။ လက်လှမ်းမီရာ အဘိဓာန်များတွင် ရှာကြည့်ရာ Webster's New World Dictionary က-

> statesman(n) : a person who shows wisdom, skill, and vision in conducting state affairs and dealing with public issues or one engaged in the business of government.

ဟူ၍ ဖော်ပြထားပါသည်။

မော်ဒန်အသံထွက် အဘိဓာန်တွင်မူ statesman(n): person skilled in the management of public or national affairs. နိုင်ငံရေး၊ အုပ်ချုပ်ရေး ကျွမ်းကျင်သူဟူ၍ ဆိုထားပါသည်။

ခေတ်သစ်အဘိဓာန်ကလည်း statesman(n):a man versed in the arts of government, a politician, one eminent for politician; one eminent for political abilities; တိုင်းပြည်ရေးရာတွင် ကျွမ်းကျင်သူ၊ တိုင်းပြည်ကို အုပ်ချုပ်တတ်သူ၊ နိုင်ငံရေးသမား၊ ထင်ပေါ်သည့် နိုင်ငံရေးသမား ဟူ၍ ဆိုထားပါသည်။

ဤသို့ဖြင့် statesman ကို နိုင်ငံရေးသုခမိန်၊ အမျိုးသားနိုင်ငံရေးသမားဟူ၍ မိမိဟဒယနှင့်ညှိပြီး အဓိပ္ပာယ်ဖွင့်ဆိုကာ သဘောတွေ့နေမိပါသည်။ ဤကာလတွင် တိုက်တိုက်ဆိုင်ဆိုင် ဂျာနယ်နှစ်စောင်မှ ဆောင်းပါးနှစ်ပုဒ်ကို ဖတ်ရှုမိရင်း မြန်မာ့နိုင်ငံရေးရှုခင်းအား ပုံဖော်ကြည့်လိုက်မိပါသည်။

ရှေးဦးစွာ မိတ်ဆက်ပေးလိုသည့် ဆောင်းပါးမှာ ၁၉-၈-၂၀၀၈ ရက်နေ့ထုတ် ပေါ်ပြူလာဂျာနယ်မှ ဆရာမောင်ဝံသ၏ "အမျိုးသားနိုင်ငံရေးဋီကာ" ဖြစ်ပါသည်။ စာဖတ်သူများ ခြုံငုံမိစေရန်အတွက် အောက်ပါအတိုင်း ကောက်နုတ်တင်ပြလိုက်ပါသည်-

> "အမျိုးသားနိုင်ငံရေးဆိုတဲ့ ဝေါဟာရကို တွင်တွင်ကျယ်ကျယ် သုံးလာကြတာ သိပ်မကြာသေးပါဘူး။ ကျွန်တော်သတိထားမိသလောက်တော့ ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေး ဆိုပြီး ခွဲခြားပြောလာကြတာ ဖြစ်ပါတယ်...။
>
> "အမျိုးသားနိုင်ငံရေးဆိုတာ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့အရေး national cause မှာ ကျရာအခန်းကဏ္ဍက ပါဝင်ထမ်းဆောင်တာကို ခေါ်ပါတယ်...။တစ်မျိုးသားလုံးနဲ့သက်ဆိုင်တဲ့ အရေးဆိုတာကို ဥပမာပေးရရင် နယ်ချဲ့အင်္ဂလိပ်တွေရဲ့ ကျွန်ဘဝကလွတ်မြောက်ရေးကြိုးပမ်းမှု၊ ဖက်ဆစ်ဂျပန်ကို တော်လှန်မှု၊ ၁၉၅၀နှစ်များက မြန်မာနိုင်ငံကြုံတွေ့ခဲ့ရတဲ့ တရုတ်ဖြူကျူးကျော်မှုအန္တရာယ်ကိုကမ္ဘာသိအောင်လုပ်ပြီး စစ်ရေးအရ ပြန်လည်တိုက်ထုတ်ခဲ့မှု၊ လောလောဆယ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး ကြိုးပမ်းမှုတို့ ဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူ လူတိုင်းပါဝင်နိုင်တဲ့ အမျိုးသားနိုင်ငံရေး ဖြစ်ပါတယ်...။
>
> "နိုင်ငံရေးသမား၊ နိုင်ငံရေးခေါင်းဆောင်တွေကိုစကားလုံးနှစ်မျိုးနဲ့ ခွဲခြားပြနိုင်ပါတယ်။ statesman နဲ့ politician ဆိုပြီး ခွဲခြားပါတယ်။ အဘိဓာန်အဓိပ္ပာယ်အရ statesman ဆိုတာ နိုင်ငံပြုသုခမိန်၊ အမြော်အမြင်ကြီးမားတဲ့ နိုင်ငံရေးသမား၊ politician ကတော့ နိုင်ငံရေးသမားပါပဲ။ ဒီတော့ကာ statesman တွေလုပ်တဲ့ နိုင်ငံရေးကို အမျိုးသားနိုင်ငံရေးလို့ ပြောနိုင်တယ်။ ကိုယ့်ပါတီ အာဏာရရေးထက် ကိုယ့်တိုင်းပြည် ကောင်းစားရေးကို အဓိကထားခြင်းသည် အမျိုးသားနိုင်ငံရေးပဲလို့ ဖွင့်ဆိုနိုင်တယ်...။
>
> "ဖွင့်ဆိုချက်တစ်ခုတွေ့ဖူးတာက **politician ဟာ လာမယ့် ရွေးကောက်ပွဲအတွက် ကြည့်တယ်တဲ့။ statesman က နောက်မျိုးဆက်တစ်ခုအတွက်ပါ ကြည့်တယ်တဲ့။ တော်တော်အဓိပ္ပာယ် 'တာ'သွားတဲ့ ဖွင့်ဆိုချက်ပါပဲ။ statesman အဆင့်ရောက်သွားရင် ကိုယ့်ပါတီ အာဏာရရေးကို ရှေ့တန်းမတင်တော့ဘူး။ တစ်မျိုးသားလုံး ကောင်းကျိုးချမ်းသာဖြစ်ထွန်းဖို့ကိုပဲ ကြိုးစည်လုပ်ဆောင်ပါတော့တယ်...။**

ကျော်မင်းအေး

> **"နိုင်ငံရေးပါတီတွေဟာ ဒီမိုကရေစီစနစ်နဲ့ တစ်တွဲတည်းပါရှိရမယ့် အင်္ဂါအစိတ်အပိုင်းတွေဖြစ်ပါတယ်...။ ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးပါတီတစ်ရပ်ဟာ ပြည်သူလူထုကို လိမ်လို့မရပါဘူး။ လိမ်လို့ရတယ်ဆိုရင်လည်း ကြာကြာလိမ်လို့မရပါဘူး။ ရွေးကောက်ပွဲ နောက်တစ်ကြိမ်ကျရင် ပြည်သူလူထုက ဆန္ဒမဲပေးပြီး ဆုံးမမှာပါပဲ။ အဲဒီလိုလုပ်ခွင့်ရှိတဲ့ ဆန္ဒမဲပေးခွင့်စနစ်ကို ကျင့်သုံးခြင်းဟာ ပြည်သူအားလုံးပါဝင်နိုင်တဲ့ အမျိုးသားနိုင်ငံရေးဖြစ်ပါတယ်။ ပြည်သူတွေကိုကိုယ်စားပြုပြီး တိုင်းရေးပြည်မှုများကို စီမံခန့်ခွဲမယ့် ပြည်သူ့ကိုယ်စားလှယ်များကို လူမှန်နေရာမှန် ရွေးချယ်နိုင်ဖို့ ရွေးကောက်ပွဲတွေမှာ မပျက်မကွက် ဆန္ဒမဲပေးခြင်းဟာလည်း အမျိုးသားနိုင်ငံရေး လုပ်ခြင်းပါပဲ။"**

ဆက်လက်မိတ်ဆက်ပေးချင်သည့် ဆောင်းပါးကတော့ ၈-၈-၂၀၀၈ ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်မှ ဆရာမောင်စူးစမ်း၏ "နိုင်ငံရေးသစ်ချင်း ဖျတ်ခနဲယှဉ်ကြည့်" ဖြစ်ပါသည်။ ၎င်းဆောင်းပါး ဒုတိယပိုင်းတွင် အခုလို ဖော်ပြထားပါသည်-

> "ဤအကြောင်းကို ရေးရသည်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းပြီးလျှင် ပေါ်ပေါက်တတ်သော အတွေ့အကြုံကို ထိုင်းနိုင်ငံ၏ သင်ခန်းစာဖြင့် ကြိုတင်နားလည်ထားလို၍ ဖြစ်သည်။ ၂၀၁၀ပြည့်နှစ်တွင် ရွေးကောက်ပွဲပြုလုပ်မည် ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်နှင့် အခင်းအကျင်းအသစ်ဖြစ်နေပြီဖြစ်၍ နိုင်ငံရေးသည်လည်း အသစ်ဖြစ်ဟန်ရှိမည်။
>
> "ယခုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ပြဋ္ဌာန်းပြီးဖြစ်သည်။ ဤအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲအသစ်ပေါ်လာမည်။ထို့ကြောင့် လက်ရှိတပ်မတော်အစိုးရသည် အိမ်စောင့်အစိုးရသဘော ဖြစ်သွားသည်...။
>
> "အတည်ပြုပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်နှင့် ပြဋ္ဌာန်းရန်ကျန်သည့် ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေတို့အရ ပလေယာအသစ်တွေပေါ်လာတော့မည်။
>
> "ပလေယာအသစ်တွေ၊ ကွင်းသစ်၌ ဒိုင်လူကြီးဖြင့် ကစားရမည့် သဘောသည်ကပင် နိုင်ငံရေးအသစ် ဖြစ်ဖွယ်ရှိသည်...။
>
> "မြန်မာ့နိုင်ငံရေးအသစ်၌ ဘယ်လိုပလေယာအသစ်တွေ ပေါ်လာမည် မသိ။ ရွေးကောက်ပွဲဆိုင်ရာဥပဒေသစ် ပြဋ္ဌာန်းပြီးမှသာ ပုံသဏ္ဍာန်အလိုက် ပုံပန်းဖမ်းနိုင်မည်။
>
> "လက်ရှိအခြေအနေ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ထွန်းမှုသည် စပိမြန်နှုန်းပြဿနာ (the matter of speed) သာဖြစ်မည်။ စင်ပြိုင်အစီအစဉ်၊ တခြားရွေးချယ်စရာအစီအစဉ်နှင့် ဖိုရမ် (alternative agenda and forum) တို့သည် ဖြစ်နိုင်ခြေမရှိပေ။ ထို့ကြောင့် ဖြစ်နိုင်ခြေတကယ်ရှိနေသည့် အစီအစဉ်ကို မြန်မြန်ဖြစ်အောင်သာ တိုက်တွန်းဖို့ရှိသည်။ထို့ကြောင့် စပိသည်သာ အဓိကပြဿနာဖြစ်သည်။ ဤနေရာ၌ အလှတန်ဆာဆင်မှု (decoration) နှင့် အနှစ်သာရ (substance)တို့ ခြားနားပုံကို သတိချပ်အပ်သည်။ ဒိုင်ယာလော့ခ်သည် အလှတန်ဆာဆင်ခြင်းသာဖြစ်၍ အနှစ်သာရ မဟုတ်ပေ။ အလှတန်ဆာဆင်မှုကို စွဲမက်လွန်းလျှင် ဤအလှတန်ဆာဆင်မှုထဲ ချောင်ပိတ်မိပြီး ထွက်နိုင်မည်မဟုတ်ပေ။ အလှတန်ဆာဆင်မှုကို တရားသေကိုင်သည်မှာ မိုက်မဲသည်။"

ဖော်ပြပါ ဆောင်းပါးနှစ်ပုဒ်လုံးကို အပြည့်အစုံ ဖတ်ရှုသင့်ပါသည်။ ၎င်းဆောင်းပါးများကို ဆန်းစစ်ခြင်းဖြင့် မြန်မာ့နိုင်ငံရေးရှုခင်းကို ပုံဖော်ကြည့်လာနိုင်မည်ဟု ထင်မြင်မိပါသည်။ မြန်မာ့နိုင်ငံရေးခရီးတွင် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ မလွဲမသွေ လိုအပ်မည်ဖြစ်သလို အမျိုးသားနိုင်ငံရေးသမားများလည်း မရှိမဖြစ်လိုအပ်မည် ဖြစ်ပါသည်။ အမျိုးသားနိုင်ငံရေးကို နိုင်ငံရေးပါတီဝင်မှ၊ နိုင်ငံရေးသမားဖြစ်မှ လုပ်ဆောင်နိုင်သည် မဟုတ်ဘဲ ပုဂ္ဂလိကတစ်ဦးချင်း အနေဖြင့်လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်း (civil society)များအနေဖြင့်လည်းကောင်း လုပ်ဆောင်အပ်ပါသည်။ မြန်မာ့နိုင်ငံရေး အခင်းအကျင်းသစ်၌ ပေါ်ပေါက်လာမည့် ပလေယာအသစ်များသည် statesman ဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

> politician ဟာ လာမယ့် ရွေးကောက်ပွဲအတွက် ကြည့်တယ်တဲ့။ statesman က နောက်မျိုးဆက်တစ်ခုအတွက်ပါ ကြည့်တယ်တဲ့။ တော်တော်အဓိပ္ပာယ် 'တာ' သွားတဲ့ ဖွင့်ဆိုချက်ပါပဲ။ statesman အဆင့်ရောက်သွားရင် ကိုယ့်ပါတီအာဏာရရေးကို ရှေ့တန်းမတင်တော့ဘူး။ တစ်မျိုးသားလုံး ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းဖို့ကိုပဲ ကြိုးစည်လုပ်ဆောင်ပါတော့တယ်။

ဇန်းမော်မြို့နယ်၌ ကျေးလက်လမ်းဖောက်လုပ်

ရန်ကုန် စက်တင်ဘာ ၁၆

ကချင်ပြည်နယ် ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော တိန်းသော်-ဟဲလုံ-ကမ္ဘာနီ ကျေးလက်မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား စက်တင်ဘာ၉ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဦးစိန်မောင်မြင့် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးနိုင်က ကြီးကြပ်စစ်ဆေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် မြို့ပေါ်ရှိ စာသင်ကျောင်းများ၊ ရပ်ကွက်အတွင်းရှိ ရေမြောင်းများ၊ ခြင်ပေါက်ပွားနိုင်သောနေရာများကို စက်တင်ဘာ ၁၀ရက်က ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးမှ ဝန်ထမ်းများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

ဗြိတိန်အရှေ့မြောက်ပိုင်း၌ လေဆင်နှာမောင်းမွှေနောက် တာတိုင်များပြိုလဲပြီး နေအိမ်များပျက်စီး

လန်ဒန် စက်တင်ဘာ ၁၆

ဗြိတိန်နိုင်ငံအရှေ့မြောက်ပိုင်း ဒေသများတွင် စက်တင်ဘာ၁၆ရက် ဒေသစံတော်ချိန် နံနက်၇နာရီခွဲက လေဆင်နှာမောင်းမွှေနှောက်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နေအိမ်များပျက်စီးမှုနှင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ကြောင်း ဗြိတိန်နိုင်ငံ အမျိုးသားသဘာဝဘေးဌာနမှ အရာရှိများက ပြောကြားသည်။

အဆိုပါ လေဆင်နှာမောင်းမှာ တစ်နာရီလျှင် မိုင်၁၂၀နှုန်းတိုက်ခတ်ခဲ့သဖြင့် ပလိုင်းမောက်နှင့် လီဗိုနီးယားမြို့အကြားတွင် နေအိမ်များပျက်စီးပြီး သစ်ပင်များပြိုလဲခဲ့ကြောင်း၊ ဓာတ်တိုင်များပြိုလဲပြီး ဓာတ်အားပြတ်တောက်မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အင်ဒိုနီးရှားအရှေ့ပိုင်း၌ ငလျင်လှုပ် အဆောက်အအုံအချို့ ပျက်စီး

ဂျကာတာ စက်တင်ဘာ ၁၆

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် စက်တင်ဘာ ၁၆ရက်က ရစ်ချ်တာစကေး ၅ဒသမ ၈ ရှိသော ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အဆိုပါ ငလျင်သည် မာလူကူပြည်နယ် အမ်ဘွန်မြို့ အနောက်မြောက်ဘက် ၁၄၈ ကီလိုမီတာအကွာ ရေအောက်ကြမ်းပြင်အနက် ၃၅ ကီလိုမီတာကို ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။ ယင်းငလျင်ကြောင့် အမ်ဘွန်မြို့၌ အဆောက်အအုံအချို့ အနည်းငယ်ပျက်စီးခဲ့သည်။ (အောက်ပုံ)

အမေရိကန် မင်နီဆိုးတား၌ မြေပြိုမှုဖြစ်ပွား အဝေးပြေးကားလမ်းမပေါ် မြေကြီးများဖုံးလွှမ်း

ရော့ခ်စတန် စက်တင်ဘာ ၁၆

အမေရိကန်နိုင်ငံ မင်နီဆိုးတား ပြည်နယ်အရှေ့ပိုင်းတွင် စက်တင်ဘာ ၁၆ရက်က မြေပြိုမှုဖြစ်ပွားရာ အဝေးပြေးလမ်းမပေါ်သို့ မြေကြီးများ ဖုံးလွှမ်းသွားသဖြင့် ကားသွားလာရေး ပြတ်တောက်သွားခဲ့သည်။

မြေပြိုမှုဖြစ်ပွားပြီး အဝေးပြေးလမ်းပိတ်ဆို့သွားသည့်နေရာမှာ ပေါ့ခ်စီရင်စုရှိ အမေရိကန် အမှတ်၂အဝေးပြေးလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သည်။ ကယ်ဆယ်ရေးအဖွဲ့များက လမ်းမပေါ်ဖုံးလွှမ်းနေသော မြေကြီးများကို ဖယ်ရှားရှင်းလင်းလျက်ရှိသည်။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

နယူးကာဆယ် ပိုင်ရှင်အသစ် ဘယ်သူဖြစ်လာမလဲ

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ — ညာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် စက်တင်ဘာ ၁၆

အင်္ဂလိပ်ပရီမီယာလိဂ်အသင်းတွေရဲ့ ပိုင်ရှင်အပြောင်းအလဲဟာ ကမ္ဘာ့ဘောလုံးလောကရဲ့ စိတ်ဝင်စားမှုတစ်ရပ်အဖြစ် ရောက်ရှိလာပါတယ်။ နာမည်ကြီး ဥရောပလိဂ်ပြိုင်ပွဲတွေဖြစ်တဲ့ လာလီဂါ၊ စီးရီးအေနဲ့ ဘွန်ဒက်စ်လီဂါတို့ထက် ကလပ်အသင်း ပိုင်ရှင်ပြောင်းလဲမှု အများဆုံးကလည်း ပရီမီယာလိဂ်ဖြစ်နေပါတယ်။

နယူးကာဆယ်အသင်းကို ပြန်လည် ရောင်းချတော့မည့် မိုက်အက်ရှလေ။ (အင်တာနက်ဓာတ်ပုံ)

သွားရောက်ခဲ့

နယူးကာဆယ်အသင်းကို အမြန်ဆုံး ရောင်းချနိုင်ဖို့အတွက် မိုက်အက်ရှလေနဲ့ ဒုတိယဥက္ကဋ္ဌ တိုနီဂျိမ်းနက်တို့နှစ်ဦးဟာ အရှေ့အလယ်ပိုင်းက ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့ကို စက်တင်ဘာ ၁၄ရက်က သွားရောက်ခဲ့ပါတယ်။ ဒူဘိုင်းမြို့မှာ အခြေစိုက်တဲ့ ဒူဘိုင်းနိုင်ငံတကာစီးပွားရေးအုပ်စု(ဒီအိုင်စီ)ရဲ့ အမိက တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ရှိတ်မိုဟာမက်နဲ့ တွေ့ဆုံပြီး နယူးကာဆယ်အသင်းကို ဝယ်ယူဖို့ ဆွေးနွေးခဲ့ပေမယ့် ရှိတ်မိုဟာမက်က လက်မခံခဲ့တာမို့ အောင်မြင်မှုမရဘဲ ပြန်လာခဲ့ရပါတယ်။

ဒီအိုင်စီအနေနဲ့ အင်္ဂလိပ်ပရီမီယာလိဂ် ကလပ်တွေထဲမှာ ဝယ်ယူဖို့ စိတ်ဝင်စားနေတဲ့အသင်းတွေက မန်ယူ၊ လီဗာပူးနဲ့ အာဆင်နယ်တို့လို ထိပ်တန်းအသင်းကြီးတွေ ဖြစ်တာမို့ နယူးကာဆယ်လိုအသင်းကို စိတ်ဝင်စားမှု သိပ်မရှိတာပဲ ဖြစ်ပါတယ်။

စောင့်ကြည့်

အခုလည်း နယူးကာဆယ်အသင်းပိုင်ရှင်ဖြစ်တဲ့ မိုက်အက်ရှလေက သူ့အသင်းကို ပြန်လည်ရောင်းချဖို့ စက်တင်ဘာ ၁၄ရက်မှာ တရားဝင်ထုတ်ဖော်ပြောကြားလိုက်တာမို့ နိုင်ငံတကာက စီးပွားရေးလုပ်ငန်းရှင်တွေကတော့ အခြေအနေကို စောင့်ကြည့် နေကြတယ်လို့ ဆိုပါတယ်။

နယူးကာဆယ်အသင်းပိုင်ရှင် မိုက်အက်ရှလေဟာ အသက် ၄၃နှစ်ပဲ ရှိသေးတဲ့သူ တစ်ဦးဖြစ်ပြီး နယူးကာဆယ်ကလပ်ကို ၂၀၀၇ခုနှစ် မေလကမှ ဝယ်ယူခဲ့သူ ဖြစ်ပါတယ်။ ဘောလုံးအားကစားကို ချစ်မြတ်နိုးသူတစ်ဦးဖြစ်ပြီး ဘောလုံးပွဲတွေကို ငယ်စဉ်ကတည်းက အရူးအမူး အားပေးခဲ့သူတစ်ဦးလည်း ဖြစ်တယ်လို့ ဆိုပါတယ်။

ရင်းနှီးမြှုပ်နှံခဲ့

မိုက်အက်ရှလေဟာ သူမြတ်နိုးတဲ့ ဘောလုံးအားကစားကို မြှင့်တင်လိုတဲ့ဆန္ဒနဲ့ အရွယ်ရောက်လာပြီး စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်လာတဲ့အခါ ဘောလုံးအသင်းတစ်သင်းကို အပိုင်ဝယ်ပြီး ရင်းနှီးမြှုပ်နှံခဲ့တာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းကို ဝယ်ယူခဲ့ပေမယ့် အကျိုးအမြတ်က ထင်သလောက် မရခဲ့ပါဘူး။ ဒါပေမယ့်လည်း ဘောလုံးကို ချစ်မြတ်နိုးတဲ့စိတ်နဲ့ အရင်းတည်ပြီး အခုလိုရပ်တည်နေခဲ့ခြင်း ဖြစ်ပါတယ်။

သဘောထားကွဲလွဲ

နယူးကာဆယ်ကို အခုလို ထုတ်ရောင်းပစ်ဖို့ ဆုံးဖြတ်လိုက်တာကလည်း နည်းပြကီးဂန်း နုတ်ထွက်သွားတဲ့အကြောင်းလည်း ပါဝင်ခဲ့ပါတယ်။ နည်းပြကီဗင်ကီးဂန်းနဲ့ ဘောလုံးသမား ဝယ်ယူမှုအရေးမှာ အဆင်မပြေဖြစ်ခဲ့တာမို့ ကီးဂန်း နုတ်ထွက်သွားတဲ့အပေါ် ကလပ်အမှုဆောင်အဖွဲ့အတွင်းမှာ သဘောထားကွဲလွဲမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါ့အပြင် စက်တင်ဘာ ၁၃ရက်က လူသစ်တန်းတက် ဟူးလ်စီးတီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာမို့ ပရိသတ်တွေရဲ့ မကျေနပ်မှုတွေ ဖြစ်ပေါ်ခဲ့တာလည်း ပါဝင်ခဲ့ပါတယ်။

သွားရောက်ခဲ့

ဒါကြောင့် မိုက်အက်ရှလေဟာ နယူးကာဆယ်အသင်းကို ရောင်းချနိုင်ဖို့အတွက် ဝယ်လက်ကို ရှာဖွေကြည့်တဲ့အခါ အင်္ဂလိပ်ပရီမီယာလိဂ်ကလပ်အသင်းတစ်သင်းကို ဝယ်ယူရင်းနှီးမြှုပ်နှံဖို့ ကြိုးစားနေတဲ့ အိန္ဒိယနိုင်ငံက ဘီလျံနာသူဌေးတစ်ဦးဖြစ်တဲ့ အနေးလ်အမ်ဘာနီနဲ့ တွေ့ဆုံပြီးဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်။

ဆက်သွယ်

တကယ်တော့ အိန္ဒိယဘီလျံနာသူဌေး အနေးလ်အမ်ဘာနီ အနေနဲ့ကလည်း သူစိတ်ဝင်စားနေတာက အဲဗာတန်အသင်းဖြစ်ပြီး ဝယ်ယူဖို့အတွက်လည်း ဆက်သွယ်မှုတွေ ပြုလုပ်နေခဲ့ပါတယ်။ ဒါပေမယ့် လောလောဆယ်မှာ ရောင်းချဖို့အသင့်ဖြစ်နေပြီး ငွေကြေး ရင်းနှီးမြှုပ်နှံမှုလည်း သိပ်မများတဲ့ နယူးကာဆယ်ကိုလည်း စိတ်ဝင်စားမှုရှိနေတာမို့ အခုအချိန်မှာတော့ မိုက်အက်ရှလေနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။

ဝေဖန်

နယူးကာဆယ်အသင်းရဲ့ အနာဂတ်ကို လက်ရှိပိုင်ရှင် မိုက်အက်ရှလေအနေနဲ့ အခုအနေအထားထက် တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်မှာမဟုတ်ဘူးလို့ ကီဗင်ကီးဂန်းရော အမှုဆောင်အဖွဲ့ကပါ ဝေဖန်မှုတွေခံခဲ့ရတာမို့ အခုလိုကလပ်အသင်းကို မြန်မြန်ရောင်းချဖို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ဘောလုံးသမားအပြောင်းအရွှေ့ ဈေးကွက်မှာ ဂျိမ်းစ်မီနာကို ပေါင် ၁၂သန်းနဲ့ ဗီလာအသင်းကို ရောင်းချခဲ့တဲ့ ကိစ္စကတည်းက မိုက်အက်ရှလေအပေါ် အမြင်မကြည်လင်မှုနဲ့ အိုဝင်၊ ဘာတန်နဲ့ အလန်စမစ်တို့ကို ရောင်းထုတ်ဖို့ ကြိုးစားခဲ့တာတွေကြောင့် ပြဿနာတွေ ဖြစ်ပေါ်နေခဲ့တာမို့ အခုအသင်း ပိုင်ရှင်အပြောင်းအလဲမှာ နယူးကာဆယ်အသင်းရဲ့ ပိုင်ရှင်အသစ် ဘယ်သူဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

ကိုးကား-အင်တာနက်

ဥရောပအကောင်းဆုံး ရွှေဖိနပ်ရရှိခဲ့မှု ဘောလုံးလောကကို အပြောင်းအလဲဖြစ်စေခဲ့ဟု စီရိုနယ်ဒို ပြောကြား

ရောမ စက်တင်ဘာ ၁၆

မန်ယူဘောလုံးကြယ်ပွင့် စီရိုနယ်ဒိုက ပြီးခဲ့သည့် ဘောလုံးရာသီတွင် ပရီမီယာလိဂ်၌ မိမိအနေဖြင့် ကွင်းလယ်မှနေပြီး ၃၁ဂိုး သွင်းယူနိုင်ခဲ့ကာ ဘောလုံးလောကကို အပြောင်းအလဲဖြစ်စေနိုင်ခဲ့သဖြင့် ဥရောပအကောင်းဆုံး ရွှေဖိနပ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အနည်းငယ်ပြောင်းလဲစေခဲ့

မိမိအနေဖြင့် ယခုကဲ့သို့ ရွှေဖိနပ်ဆုကို ဆွတ်ခူးခဲ့ခြင်းသည် ဘောလုံးလောကကို အနည်းငယ်ပြောင်းလဲစေခဲ့ကြောင်း၊ ယင်းဆုကို တိုက်စစ်မှူးများသာ ဆွတ်ခူးရရှိလေ့ရှိကြောင်း၊ မိမိမှာ တောင်ပံကစားသမားတစ်ဦးဖြစ်နေ၍ အထက်ပါကဲ့သို့ ဆိုရခြင်း ဖြစ်ကြောင်း စီရိုနယ်ဒိုက ဆိုသည်။

ယုံကြည်ချက်ခိုင်မာ

ပြီးခဲ့သည့် ဘောလုံးရာသီက မန်ယူအသင်းအား ပရီမီယာလိဂ်ချန်ပီယံနှင့် ဥရောပချန်ပီယံလိဂ်ဆုနှစ်ဆုကို ဆွတ်ခူးနိုင်အောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည့်အတွက် မိမိအနေဖြင့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ရန် ယုံကြည်ချက်ခိုင်မာလာပြီ ဖြစ်ကြောင်း ၎င်းကဖွင့်ဟခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ရုရှားတင်းနစ်မယ် ကုဇညက်ဆိုဗာ နိုင်ငံအတွက် ဖက်ကပ်တင်းနစ်သရဖူရယူပေး

မက်ဒရစ် စက်တင်ဘာ ၁၆

ရုရှားတင်းနစ်အကျော်အမော် ဆဗက်လာနာကုဇညက်ဆိုဗာသည် စက်တင်ဘာ ၁၅ရက်က စပိန်အဆင့်(၁) အနာဘယ်မီဒီနာ ဂါရီဂူအား သုံးပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီး ပြိုင်ဘက်မယှဉ်နိုင်အောင် ရင်သပ်ရှုမောစေသည့် ရိုက်ချက်များဖြင့် အနိုင်ယူခဲ့ခြင်းဖြင့် ရုရှားတို့အနေဖြင့် ၎င်းတို့၏ ဖက်ကပ်တင်းနစ်သရဖူကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။

လေးကြိမ်မြောက်ဆွတ်ခူး

ကမ္ဘာ့အဆင့် (၇)ရှိ ကုဇညက်ဆိုဗာသည် ပြိုင်ဘက်အား ပွဲကစားချိန် ၂နာရီ ၃၉မိနစ်အတွင်း ၅-၇၊ ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းသို့အနိုင်ရခဲ့ခြင်းသည် ရုရှားတို့အနေဖြင့် ထိပ်တန်းတင်းနစ်သမားသုံးဦးမပါဝင်နိုင်သော်လည်း ငါးနှစ်တာ ကာလအတွင်း ဖက်ကပ်တင်းနစ်သရဖူကို လေးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

မီဒီနာသည် ပရိသတ် ၄၀၀၀ရှေ့တွင် ရဲရင့်စွာ တန်ပြန်တုံ့ပြန်ကစားမှုကြောင့် ကုဇညက်ဆိုဗာအနေဖြင့် နောက်ဆုံးတွင် မီဒီနာအား အနိုင်ရရှိခဲ့သော်လည်း လွယ်ကူသော ပွဲတစ်ပွဲ မဟုတ်ခဲ့ချေ။

အမ်အင်န်အေရိုက်တာ

မန်ယူဂိုးသမား ကုဇက်ခ် အသင်းနှင့်စာချုပ်သစ် ထပ်မံချုပ်ဆို

လန်ဒန် စက်တင်ဘာ ၁၆

မန်ယူဂိုးသမားတိုမက်ဇ်ကုဇက်ခ်သည် အသင်းနှင့် ၂၀၁၂ ခုနှစ်တိုင်အောင် နှစ်နှစ်စာချုပ် ထပ်မံချုပ်ဆိုလိုက်သည်။

စာချုပ်ချုပ်ဆို

အသက် ၂၆နှစ်ရှိ ပိုလန်လက်ရွေးစင်ဂိုးသမား ကုဇက်ခ်သည် ၂၀၀၆ခုနှစ်တွင် ဝက်စ်ဘရွန်းအသင်းမှ မန်ယူသို့ရောက်ရှိလာသူ ဖြစ်ပြီး ကနဦး၌ တစ်နှစ်အငှား စာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၀၇ခုနှစ်၌ အမြဲတမ်း စာချုပ်ချုပ်ဆိုခြင်းဖြစ်သည်။

ပြောကြား

ကုဇက်ခ်သည် ယခုရာသီတွင် ပထမပွဲထွက်အသင်းနှင့် အတူ ပါဝင်ကစားရခြင်း မရှိသေးချေ။ သို့သော်လည်း မန်ယူကဲ့သို့ အောင်မြင်မှုအစဉ်အလာကြီးမားသော အသင်းကြီးနှင့်အတူ နေရာရကာ ပွဲထွက်ကစားနိုင်ရန် ကြိုးစားသွားမည်ဟု ၎င်းက ပြောကြားခဲ့သည်။

(အင်တာနက်)

မာစီးဒီးဘင့်ဇ်ချန်ပီယံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆွီဒင်မှ ရောဘတ်ကာလ်ဆင်ဆုဖလားဆွတ်ခူး

ဘာလင် စက်တင်ဘာ ၁၆

ဆွီဒင်ဂေါက်သီးရိုက်အားကစားသမား ရောဘတ်ကာလ်ဆင်သည် ဂျာမနီတွင် ကျင်းပသော မာစီးဒီးဘင့်ဇ် ချန်ပီယံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ထူးထူးကဲကဲရရှိသော အောင်မြင်မှုနှင့်အတူ ဆုဖလား ဆွတ်ခူးလိုက်ခြင်းဖြင့် နှစ်နှစ်ကြာ အောင်မြင်မှုနှင့် ဝေးကွာနေမှုကို အဆုံးသတ်စေခဲ့ပြီဖြစ်သည်။

ဗိုလ်စွဲ

ရောဘတ်ကာလ်ဆန်သည် နောက်ဆုံးဗိုလ်လုပွဲအဆင့်တွင် စုစုပေါင်း ရိုက်ချက် ၇၁ချက်ဖြင့် သတ်မှတ်ရိုက်ချက်အောက် ၁၃ချက် လျှော့ရိုက်ကာ အီတလီဂေါက်သီးရိုက်ကစားသမား ဖရန်ဆက်စကိုမိုလီနာရီထက် လျှော့ရိုက်ချက် နှစ်ချက်အသာဖြင့် ရှေ့မှဦးဆောင်ကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

အသီးသီး ရပ်တည်

ကာလ်ဆန်၏ ရိုက်ဒါဖလားအသင်းဖော် မီဂူယယ်အိန်ဂျယ် ဂျိမီနက်ဇ်၊ ဆိုရင်ဟန်ဆင်နှင့် ဂရေမီမက်ဒိုဝဲလ်တို့သည် အဆင့် ၃၊ ၈နှင့် ၁၆တို့တွင် အသီးသီး ရပ်တည်ခဲ့ကြသည်။

ရောဘတ်ကာလ်ဆန်သည် မာစီးဒီးဘင့်ဇ်ချန်ပီယံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုဖလားကိုရခဲ့ခြင်းကြောင့် ပထမဆုငွေ အဖြစ် ပေါင် ၂၇၀၀၀၀ကို ဆွတ်ခူးခဲ့ပြီ ဖြစ်သည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

ချယ်လ်ဆီးမှ ဂျွန်တယ်ရီ အယူခံဝင်မှု အောင်မြင် မန်ယူနှင့်ပွဲစဉ်တွင် ပါဝင်ကစားမည်

လန်ဒန် စက်တင်ဘာ ၁၆

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် မန်စီးတီးနှင့် ယှဉ်ပြိုင်ကစားသောပွဲစဉ်တွင် အပြစ်ခံခဲ့ရသော အနီကတ်အတွက် အယူခံဝင်မှုအောင်မြင်ခဲ့ပြီးနောက် စက်တင်ဘာ ၂၁ရက်၌ မန်ယူနှင့်ယှဉ်ပြိုင်ကစားရမည့်ပွဲစဉ်၌ ပါဝင်ကစားခွင့် ရမည်ဖြစ်သည်။

ကြားနာအတည်ပြု

တယ်ရီသည် မန်စီးတီးနှင့်ပွဲစဉ်တွင် မန်စီးတီးတိုက်စစ်မှူးဂျိုအား လဲကျစေခဲ့မှုကြောင့် အနီကတ်ပြခံရပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ သို့သော်လည်း တယ်ရီထုတ်ပယ်ခံရမှုသည် မှားယွင်းသော ထုတ်ပယ်ခံရမှုဟု ချယ်လ်ဆီးအသင်း၏ အခိုင်အမာ လျှောက်လဲမှုကို အက်ဖ်အေက ကြားနာအတည်ပြုခဲ့ပြီး ထိုကဲ့သို့ ပွဲပယ်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရခဲ့ခြင်းဖြစ်သည်။

အနီကတ်ပြထုတ်ပယ်ခဲ့

တယ်ရီအား ဒိုင်လူကြီးမာ့ခ်ဟာလ်ဆေးက တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

သုံး၍မကုန်၊ သောက်၍မခန်းဆိုသည့် ကမ္ဘာ့ရေထုအပေါ် ပြန်လည်ဆန်းစစ်သင့် ကမ္ဘာတစ်ဝန်း၌ သောက်သုံးရေသန့် ရှားပါးမှုနှင့်ကြုံတွေ့လာ

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ | ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း) | စာမျက်နှာပွဲ့စည်းမှု - ထိန်လင်း

"တချို့နိုင်ငံတွေမှာ သောက်သုံးရေ အခက်အခဲနဲ့ ကြုံတွေ့နေရ"။ ဒေါက်တာကြူကြူဝင်း

ရန်ကုန် စက်တင်ဘာ ၁၆

ကမ္ဘာတစ်ဝန်း၌ ရေအရင်းအမြစ်များ တဖြည်းဖြည်းနည်းလာသည်။ သဘာဝသယံဇာတများ ပျက်စီးယိုယွင်းလာမှုသည် လူတို့၏ပယောဂနှင့်မကင်းသည်ဖြစ်ရာ ရေအရင်းအမြစ်များ ယိုယွင်းလျော့နည်းမှုကိုထိန်းသိမ်းရန် လူတိုင်း၌ တာဝန်ရှိလေသည်။

ကမ္ဘာ့ရေအရင်းအမြစ်များနှင့်ပတ်သက်သည့် အကြောင်းအရာများကိုကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာနိုင်ငံဆရာဝန်များအသင်း ဆွေးနွေးပွဲခန်းမ၌ ဩဂုတ် ၂၃ရက်က ကျင်းပခဲ့သော ဆွေးနွေးပွဲတွင် ရန်ကုန်ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာနမှ ဒေါက်တာကြူကြူဝင်းက ဆွေးနွေးဟောပြောခဲ့ရာ၌ "ကမ္ဘာတစ်ဝန်းမှာ သောက်သုံးရေနဲ့ ပတ်သက်ပြီး အခက်အခဲ ပြဿနာတွေ ကြုံတွေ့ရတော့မှ အရင်ကတွေးထင်ထားခဲ့ကြတဲ့ သုံး၍မကုန်၊ သောက်၍မခန်းဆိုတဲ့ ကမ္ဘာ့ရေအပေါ်ပြန်ပြီးဆန်းစစ်လာကြရပြီ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ သောက်သုံးရေသန့်ဟာ တဖြည်းဖြည်းနည်းပါးလာတာမို့ ကမ္ဘာ့ပြည်သူတွေအတွက် သတိပြုစရာ ဖြစ်လာရပြီဖြစ်ပါတယ်။ အချို့ကမ္ဘာ့နိုင်ငံတွေဆိုရင် သောက်သုံးရေအတွက် အခက်အခဲအကျပ်အတည်းနဲ့ ရင်ဆိုင်ကြုံတွေ့နေရပြီး တတ်နိုင်သမျှ ကြိုးစားဖြေရှင်းနေရပါတယ်" ဟု ဒေါက်တာကြူကြူဝင်းက ပြောကြားသည်။

လိုအပ်ချက်တစ်ရပ်

သောက်သုံးရေအခက်အခဲကိုဖြေရှင်းရန်အတွက် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံအဖွဲ့အစည်းအတော်များများက ဝိုင်းဝန်းဆောင်ရွက်နေကြပြီဖြစ်သည်။ ရေသည် ကမ္ဘာကြီးအတွက် အဓိကကျသော လိုအပ်ချက်တစ်ရပ်ပင် ဖြစ်သည်။

ရင်ဆိုင်ကြုံတွေ့

"အခုနှစ်ကာလတွေမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဟာ တဖြည်းဖြည်းနဲ့ မြန်ဆန်လာပါတယ်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဟာ သောက်သုံးရေ အရင်းအမြစ်တွေကို ထိခိုက်စေတဲ့အထိ ဖြစ်လာပါတယ်။ ကမ္ဘာ့ဧရိယာရဲ့လေးပုံသုံးပုံဟာ ရေလွှမ်းနေတယ်လို့ ဆိုပေမယ့် အဲဒီရေတွေကို ဆန်းစစ်ကြည့်လိုက်တဲ့အခါ ၉၇ဒသမ ၅ရာခိုင်နှုန်းဟာ ရေသန့်မဟုတ်ဘဲ ၂ဒသမ ၅ရာခိုင်နှုန်းသာ ရေသန့်ဖြစ်တာမို့ တဖြည်းဖြည်းတိုးပွားလာတဲ့ ကမ္ဘာ့လူဦးရေကြောင့် သောက်သုံးရေပြတ်လပ်မှုတွေ ကမ္ဘာ့နိုင်ငံအချို့မှာ ရင်ဆိုင်ကြုံတွေ့နေ ရပါတယ်"ဟု ၎င်းက ဆွေးနွေးပြောကြားသည်။

ကိုင်တွယ်ဆွေးနွေး

ထိုသို့ ကမ္ဘာ့သောက်သုံးရေပြဿနာများ ကြုံတွေ့နေမှုကြောင့် ၁၉၉၂ခုနှစ်ကပင် ကမ္ဘာ့သောက်သုံးရေဆိုင်ရာ ဖိုရမ်၊ ရေချိုရေသန့်ဆိုင်ရာ ကွန်ဖရင့်များကို ကျင်းပကာ ကမ္ဘာ့သောက်သုံးရေပြဿနာများကို ကိုင်တွယ်ဆွေးနွေးခဲ့ကြသည်။

သန့်စင်ဖို့လို

"ကမ္ဘာပေါ်မှာရှိတဲ့ သောက်သုံးရေသန့် ၂ဒသမ၅ရာခိုင်နှုန်းရဲ့ ၇၀ရာခိုင်နှုန်းဟာလည်း ဝင်ရိုးစွန်းဒေသတွေမှာ ရေခဲအဖြစ်တည်ရှိနေတာမို့ ကမ္ဘာ့ပြည်သူတွေအတွက် သောက်သုံးရေသန့် ပမာဏ နည်းနည်းကိုပဲ သုံးစွဲနေကြရတာဖြစ်ပါတယ်။ ဒီလိုသောက်သုံးရေတွေကိုကြည့်ရင်လည်း ကမ္ဘာ့သောက်သုံးရေတွေမှာ ဓာတုစွန့်ပစ်ပစ္စည်းတွေ၊ အက်စစ်တွေ၊ အာဆင်းနစ်ဓာတ်တွေ ပါဝင်မှုရှိနေတာမို့ အလွယ်တကူသုံးစွဲတဲ့ ပြည်သူတွေကို ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဆိုးကျိုးတွေ သက်ရောက်စေပါတယ်။ ဒါကြောင့် စက်မှုထွန်းကားတဲ့နိုင်ငံတွေ၊ စက်မှုဖွံ့ဖြိုးစနိုင်ငံတွေမှာရှိတဲ့ စက်ရုံအလုပ်ရုံတွေက ထွက်ရှိတဲ့ ဓာတုပစ္စည်းတွေများလာတာမို့ သောက်သုံးရေတွေ သန့်စင်ဖို့ လိုအပ်လာပြန်ပါတယ်" ဟု ဒေါက်တာကြူကြူဝင်းက ရှင်းလင်းပြောကြားသည်။

ကမ္ဘာ့ရေထုသည် ကမ္ဘာ့ပြည်သူတွေအတွက် သောက်သုံးရန် အသင့်အနေအထားမရှိချေ။ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေရရှိရန်အတွက် သန့်စင်မှုပြုလုပ်ရန် အထူးလိုအပ်လာပြီဖြစ်သည်။ ကမ္ဘာ့ရာသီဥတု ပြောင်းလာမှုကလည်း ကမ္ဘာ့ရေထု အနေအထားကို ယိုယွင်းပျက်စီးသည်အထိ ရိုက်ခတ်လျက်ရှိသည်။

"လက်တင်အမေရိကဒေသမှာရှိတဲ့ ရေထုရဲ့ ၈၆ ရာခိုင်နှုန်းဟာ သောက်သုံးရန်အသင့်မရှိတဲ့ ရေတွေဖြစ်တာမို့ သောက်သုံးရေသန့်စင်မှုပြုလုပ်ဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် ဒီဒေသရဲ့ လူဦးရေ သန်း၁၀၀လောက်ဟာ သောက်သုံးရေပြတ်လပ်မှုနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒါ့အပြင် ပင်လယ်ရေပြင်အပူချိန်မြင့်တက်လာမှု၊ ကမ္ဘာ့ရာသီဥတုပူနွေးလာမှုတွေကြောင့် ပင်လယ်နဲ့သမုဒ္ဒရာတွေမှာ ကျက်စားနေတဲ့ သတ္တဝါတွေ သေကျေ ပျက်စီးဆုံးရှုံးမှုနဲ့လည်း ကြုံတွေ့နေရပါတယ်။ တစ်ဖက်က သောက်သုံးရေသန့်လျော့နည်းလာမှု တဖြည်းဖြည်းများလာသလို တစ်ဖက်ကလည်း ကမ္ဘာ့လူဦးရေတိုးတက်များပြားလာတာကြောင့် ကမ္ဘာ့နိုင်ငံတွေဟာ သောက်သုံးရေချို ပြတ်လပ်မှုနဲ့ ရင်ဆိုင်နေကြရတာပဲဖြစ်ပါတယ်"ဟုလည်း ဒေါက်တာကြူကြူဝင်းက ရှင်းလင်းပြောကြားသွားခဲ့သည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် တစ်နိုင်ငံချင်းသာမက ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းကာ ကမ္ဘာ့သောက်သုံးရေ အခက်အခဲပြဿနာကို ဝိုင်းဝန်းဖြေရှင်းကြရန် လိုအပ်သည့် အချိန်အခါ ရောက်ရှိနေပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ စတင်ယှဉ်ပြိုင်ပြီ လက်ရှိချန်ပီယံ မန်ယူ အိမ်ကွင်း၌ ဗီလာရီးရဲလ်နှင့် တွေ့ဆုံ

လက်ရှိချန်ပီယံ မန်ယူအသင်း

၂၀၀၈-၂၀၀၉ ချန်ပီယံလိဂ် အုပ်စုအဆင့်ပြိုင်ပွဲဝင်မည့် လက်ရှိ ချန်ပီယံ မန်ယူအသင်း။

ပွဲကြိုသုံးသပ်ချက် - ထွန်းထွန်းဦး(လှိုင်) စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၈-၂၀၀၉ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်မှာ လက်ရှိချန်ပီယံမန်ယူဟာ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဗီလာရီးရဲလ်နဲ့ ကစားရမှာဖြစ်သလို ဘိုင်ယန်မြူးနစ်နဲ့ ပေါ်တိုအသင်းတွေလည်း အနိုင်ရဖို့ ခက်ခက်ခဲခဲရုန်းကန်ကြရပါလိမ့်မယ်။

အုပ်စု(င)

မန်ယူ-ဗီလာရီးရဲလ်

အရင်က ဒီနှစ်သင်းတွေ့ခဲ့ဖူးတယ်။ မန်ယူကို ဒုက္ခကောင်းကောင်းပေးခဲ့တဲ့ ဗီလာရီးရဲလ်လည်း ကမ္ဘာသိအသင်း ဖြစ်ခဲ့ရတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ ဗီလာရီးရဲလ်အနေနဲ့ မန်ယူလိုအသင်းကို အခက်တွေ့အောင်လုပ်ပြဖို့ အခွင့်သာမှာမဟုတ်တော့ဘူး။ အကြောင်းကတော့ ဗီလာရီးရဲလ်မှာ ကစားသမားကောင်း ရှားပါးသွားလို့ဖြစ်တယ်။ ပီရက်စ်၊ အက်ဒ်မီလ်ဆင်တို့လို အသက်ရသော ကစားသမားတွေပဲ ကျန်တော့လို့ မန်ယူလိုအသင်းမျိုးနဲ့ ရင်ဆိုင်တွေ့မယ့်သည့်အသင်းဟာ ပွဲကျပ်နေပါပြီ။ မန်ယူကတော့ ဘာဘာတော့ဗ်၊ ရွှန်နေ၊ တီဗက်ဇ်တို့အပြင် စီရိုနယ်ဒို ပါဝင်ကစားဖို့ရှိတဲ့ အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ အိမ်ရှင်ပီပီ အနိုင်ရဖို့အတွက် အားထည့်ကစားသွားဖို့ရှိနေတယ်။ အရင်တုန်းက ကိုယ့်မြေပေါ်မှာ ခက်ခက်ခဲခဲနဲ့ကစားရပေမယ့်လည်း ဒီတစ်ခါမှာတော့ ဗီလာရီးရဲလ်ကို မန်ယူအနေနဲ့ အနိုင်ယူဖို့ မခက်လောက်ဘူး။ ဒါကြောင့် မန်ယူကိုပဲ အလေးပေးမိပါတယ်။

ဆဲလ်တစ်-အားလ်ဘော့စ်

ဆဲလ်တစ်ရဲ့ အိမ်ကွင်းမှာ အားလ်ဘော့စ်အနေနဲ့ ဘယ်လိုမှ ယှဉ်နိုင်မယ် မထင်မိဘူး။ ဒိန်းမတ်ကလပ် အားလ်ဘော့စ်ဟာ အတွေ့အကြုံအရ ဒီပွဲကို ကစားရမှာဖြစ်ပါတယ်။ ပိတ်ကစားဖို့ကိုပဲ ဦးစားပေး အာရုံစိုက်ကစားဖို့ အဓိကထားဖွယ်ရှိတယ်။ ဒါကြောင့် အားလ်ဘော့စ်ကို ဆဲလ်တစ်ဟာ အိမ်ကွင်းမှာ နာကာမူရာတို့လို ကစားသမားတွေရဲ့ စွမ်းဆောင်မှုနဲ့ပဲ အနိုင်ရအောင်ကစားပြသွားဖို့ရှိနေတယ်။ ဆဲလ်တစ်ကိုပဲ အားပေးသင့်တယ်။

အုပ်စု(စ)

လီယွန်-ဖီအိုရင်တီးနား

လီယွန်ကွင်းမှာ ဖီအိုရင်တီးနားဟာ မူတူး၊ ဂျီလာဒီနိုတို့ရဲ့အားနဲ့ ခုပွဲမှာ ယှဉ်ပြိုင်ကစားသွားဖို့ရှိပေမယ့် ခံစစ်ပိုင်းမှာ အူဖာလူစီတို့ထွက်သွားတာကြောင့် နည်းနည်းတော့ခံစစ်ပိုင်းမှာ အားနည်းနိုင်သေးတယ်။ ဒါကို လီယွန်အနေနဲ့ အိမ်ကွင်းမှာ ဖိအားပေးကစားရင်း အသာရအောင် လုပ်ယူသွားနိုင်တာကို တစ်ချက်လောက် သတိပြုရဖို့ ရှိနေပါတယ်။ လီယွန်ဟာ ဘင်ဇီမာ အပါအဝင် ကျန်တဲ့ ကစားသမားတွေကလည်း ခြေစွာတဲ့အတွက် ဧည့်သည်အသင်းထက်တော့ အသာရနေတယ်။ ဖီအိုရင်တီးနားအနေနဲ့ ခုပွဲမှာ လူစုံပါဝင်ကစားနိုင်စွမ်းရှိဖို့ ကြိုးစားရမယ်။ လူစုံမပါရင် လီယွန်ရဲ့အနိုင်ကစားမှုကိုခံသွားရနိုင်ပါတယ်။ ဒါကြောင့် တတ်နိုင်ရင်တောင် စိတ်ချမ်းသာခွင့်ရှိနေတဲ့ လီယွန်ပဲ ရွေးချယ်ထားသင့်ပါတယ်။

စတူအာဘူခါရက်-ဘိုင်ယန်မြူးနစ်

ချန်ပီယံဟောင်းနှစ်သင်းလာဆုံတဲ့ပွဲပါ။ ဒီပွဲဟာလည်း လီယွန်နဲ့ ဖီအိုရင်တီးနားတို့ပွဲလိုပဲ ကစားရကျပ်တဲ့ပွဲပါ။ စတူအာဘူခါရက်ဟာ အိမ်ကွင်းကစားပုံမာပြီး ရိုမေးနီးယား လက်ရွေးစင်တွေ ပါဝင်နေလို့ ဘိုင်ယန်မြူးနစ်ဟာ အဖွင့်ပွဲမှာ အသာရအောင်စွမ်းဆောင်ရာမှာ လွယ်ဖွယ်မရှိဘူး။ အထူးသဖြင့် လူကာတိုနီ မပါနိုင်ခဲ့ရင် အိမ်ရှင်အသင်းကို ယှဉ်ရတာ ပိုခက်သွားနိုင်တယ်။ ရစ်ဘာရီကတော့ ဒီပွဲမှာအချိန်မီ ပြန်လည်ပါဝင်ဖို့ မဖြစ်နိုင်တာမို့ ဘိုင်ယန်ရဲ့တောင်ပံတိုက်စစ် အားပျော့နေဖွယ်ရှိတယ်။ ဘိုင်ယန်အနေနဲ့ အခုလိုပွဲမှာ တန်ပြန်တိုက်စစ်ကိုပဲ အာရုံထားကစားရဖို့ရှိနေမှာပါ။ သုံးသပ်မိတဲ့ပုံအရပြောရရင် အခုပွဲဟာ ဘိုင်ယန်သရေနဲ့ပဲ ကျေနပ်ရဖို့ရှိတယ်။

အုပ်စု(ဆ)

ပေါ်တို-ဖီနာဘာချီ

ပေါ်တိုဟာချန်ပီယံလိဂ် ချန်ပီယံဟောင်းဖြစ်ပေမယ့်လည်း အခုအခါမှာ ခြေစွမ်းပိုင်း ထက်မြက်မှုအားနည်းနေပြီ။ ဒါကြောင့် ဖီနာဘာချီလို အသင်းအပေါ်မှာ ဖိအားပေးဖို့ခက်မယ်။ ဖီနာဘာချီရဲ့ နည်းပြဟာ ဒီနှစ်မှာ အသင်းကို သေချာပုံစံချထားသလို ကစားသမားကောင်းတွေလည်းခေါ်ထားတယ်။ ဒါကြောင့် ပေါ်တိုလိုအသင်းအပေါ်မှာ ပြန်လည်ဖိအားပေးနိုင်ဖို့ရှိနေပါတယ်။ ပေါ်တိုရဲ့ တောင်ပံနှစ်ဖက်စလုံးကလည်း ဖီနာဘာချီကို ဒုက္ခမပေးနိုင်ဘူး။ ဒါကြောင့်မို့ အခုပွဲမှာ ဖီနာဘာချီဟာ အသာရအောင်ကစားဖို့တောင် အခွင့်သာနေသလိုပဲ။ ကားလို့စ်တို့လိုကစားသမားတွေရဲ့ စွမ်းဆောင်ပေးမှုကြောင့် ပေါ်တိုလိုအသင်းကို အဖွင့်ပွဲမှာ ဖီနာဘာချီ ခြေအသာနဲ့ကစားနိုင်တယ်။ ဖီနာဘာချီပဲ ယုံထားလိုက်ပါတယ်။

ဒိုင်နမိုကိဗ်-အာဆင်နယ်

ဒိုင်နမိုကိဗ်အတွက်တော့ အာဆင်နယ်လိုအသင်းမျိုးနဲ့ ကစားရတယ်ဆိုပေမယ့် ပြဿနာကြီးကြီးကျယ်ကျယ်တော့ ရောက်ဖွယ်မရှိနိုင်ဘူး။ အာဆင်နယ်ရဲ့ အဝေးကွင်းကစားပုံဟာကောင်းတယ်။ လူငယ်တွေလည်းများတယ်။ ရုန်းနိုင်တဲ့သူတွေရှိတယ်။ ဒါပေမယ့်လည်း အဖွင့်ပွဲဖြစ်နေလို့ အိမ်ရှင်ရဲ့ ခံကစားမှုကို လိုတာထက်ပိုပြီး ရုန်းရနိုင်ပါသေးတယ်။ ဖာဘရီဂတ်စ်၊ အဒီဘာယောတို့ ပါဝင်ကစားပေမယ့် ခြေစွမ်းမပြနိုင်ရင်၊ ဂိုးသွင်းခွင့်တွေ လွဲချော်နေရင်တော့ ဒိုင်နမိုကိဗ်ကို ကောင်းကောင်းဒုက္ခပေးနိုင်ဖို့ခက်မယ်။ ဖြစ်နိုင်ခြေရှိတာတော့ အာဆင်နယ်ဟာ ဒိုင်နမိုကိဗ်အိမ်ကွင်းမှာ သရေလောက်နဲ့ပဲ ကျေနပ်ရဖို့များတယ်။ ဒါကလည်း အဖွင့်ပွဲအိမ်ကွင်းမှာ ပရိသတ်တွေကို မျက်နှာမညိုးနွမ်းစေချင်တဲ့ ဒိုင်နမိုကိဗ်ရဲ့ နည်းပြကြောင့်ပါပဲ။

အုပ်စု(ဇ)

ဂျူဗင်းတပ်စ်-ဇင်းနစ်

ဇင်းနစ်ကလည်း ချန်ပီယံလိဂ်ချန်ပီယံဟောင်း အိမ်ရှင်ဂျူဗင်းတပ်စ်ကို အခက်တွေ့အောင်ကစားမှာသေချာနေတယ်။ ကစားသမားတွေလည်း အချိတ်အဆက်မိမိနဲ့ ကစားနိုင်တဲ့အတွက် ဇင်းနစ်နည်းပြအက်ဗိုဂတ်ဟာ ဂျူဗင်းတပ်စ်လိုအသင်းပေါ်မှာ ဖိအားကင်းကင်းနဲ့ ယှဉ်နိုင်ဖို့ အကွက်ချထားပြီးလည်း ဖြစ်တယ်။ ဂျူဗင်းတပ်စ်က ကာမိုရာနီစီနဲ့ နက်ဗက်တို့လူပ်ရှားခွင့်မသာရင် ဂိုးရဖို့ခက်မယ်။ ပွဲဆက်ကစားရတဲ့ အတွက်လည်းပဲ အသက်ရလာတဲ့ကစားသမားတွေအနေနဲ့ ဇင်းနစ်ကို ခြေစွမ်းအပြည့်နှင့် ကစားနိုင်ဖို့ ရုန်းရနိုင်တယ်။ အာရှာဗင်ဦးဆောင်တဲ့ ဇင်းနစ်အသင်းရဲ့ ကစားပုံကတော့ ဂျူဗင်းတပ်စ်ကို အဖွင့်ပွဲမှာ အလျှော့ပေးမယ်မထင်မိဘူး။ ဒါကြောင့် ဒီပွဲလည်း သရေနဲ့ပဲ အဆုံးသတ်ဖို့ ရှိနေနိုင်ပါတယ်။ သရေနဲ့ပဲ ပျော်ရွှင်ရဖို့ရှိနေတဲ့ ဇင်းနစ်ကိုပဲ သဘောကျမိတယ်။

ရီးရဲမက်ဒရစ်-ဘိုရီဆော့ဗ်

ဘီလာရုစ်ကလပ်ဘိုရီဆော့ဗ်ဟာ ဘာနေဗျူးမှာ သရေရဖို့တောင် မလွယ်ဘူး။ ရီးရဲမှာ ကစားသမားကောင်းတွေများတယ်။ ဂိုးသွင်းသေသပ်သူတွေပေါတယ်။ ဒါကြောင့်လည်း အနိုင်ရဖို့က ရီးရဲအတွက် သေချာနေပါတယ်။ တစ်ချက်ပဲပြောစရာရှိတယ်။ ဒါကတော့ ဂိုးများများရအောင်လို့ ရီးရဲအနေနဲ့ သွင်းနိုင်စွမ်းရှိ မရှိဆိုတာပါပဲ။ အဖွင့်ပွဲလည်းဖြစ်နေသလို အုပ်စုကျပ်ထဲလည်းရောက်နေတဲ့ ရီးရဲကတော့ အခုပွဲမှာ ဘိုရီဆော့ဗ်ကို အလျှော့ပေးမှာ မဟုတ်ဘူး။ အခွင့်အရေးရရင်ရသလို ဂိုးတွေသွင်းပြီး အနိုင်ပြတ်သားအောင် လုပ်ဖို့ရှိနေပါတယ်။ ရီးရဲပဲ အားပေးဖို့ကောင်းတဲ့ပွဲပါ။ ။

ကိုးကား-အင်တာနက်

17-9 (12).pmd 1 9/18/2008, 2:49 AM

1	3 Mono Units+4 Hi Tower H-type Unit and Solder Web Offset Printing Machine	2 Nos

1	CTP (Computer to Plate) Machine	2 Nos

တရားဝင်ပြတ်စဲပြီးဖြစ်ကြောင်း

ဒေါ်အေးအေးသွယ် ၁၂/သဃက(နိုင်)၀၀၁၆၂၁နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးဝေဇင် ၁၂/ဒဂတ(နိုင်)၀၂၄၀၁၄နှင့် ဒေါ်အေးအေးသွယ်တို့သည် ၁၃-၂-၂၀၀၃ရက်တွင် လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြသော်လည်း ဒေါ်အေးအေးသွယ်သည် ကျွန်ုပ်အမှုသည်အား ဆက်လက်ပေါင်းသင်းခြင်း မပြုနိုင်တော့ကြောင်း အတိအလင်းပြောဆို၍ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလတွင် အိမ်ပေါ်မှ အပြီးအပိုင်ဆင်းသွားခဲ့ပါသည်။

ထိုသို့ ဆင်းသွားပြီးနောက်ပိုင်း ကျွန်ုပ်အမှုသည်အား အဆက်အသွယ်တစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်းမရှိသည်မှာ ယနေ့တိုင် ဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ ကျွန်ုပ်အမှုသည်အား မပေါင်းသင်းလိုတော့ကြောင်း အတိအလင်းပြောဆို၍ နေအိမ်မှဆင်းသွားသည့် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလမှစ၍ တစ်နှစ်စေ့ရောက်သော ၂၀၀၅ ခုနှစ် မတ်လ ၁ ရက်တွင် ကျွန်ုပ်အမှုသည်နှင့် ဒေါ်အေးအေးသွယ်တို့သည် မြန်မာဓလေ့ထုံးတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ တရားဝင်ပြတ်စဲပြီး ဖြစ်ကြောင်းနှင့် ဒေါ်အေးအေးသွယ်သည် နေအိမ်မှဆင်းသွားသည့်နောက်ပိုင်း ကျွန်ုပ်အမှုသည်နှင့် မည်သို့မျှ သက်ဆိုင်မှုမရှိတော့ကြောင်း ဒေါ်အေးအေးသွယ်နှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးယဉ်ထွန်း (စဥ်-၂၄၇၃၆)	**အောင်ဥပဒေ ဦးမြင့်လွင် (စဥ်-၁၃၂၇/၇၂)**
LL.B,LL.M အထက်တန်းရှေ့နေ	**B.A(Law),LL.B,D.I.L,D.M.L,D.B.L တရားရုံးချုပ်ရှေ့နေ**

အမှတ် ၃၅ (သုံးလွှာ)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၇၄၁၂။

အီဂျစ်ရှိ လွှတ်တော်အဆောက်အအုံမီးလောင် ၁၃ဦး ဒဏ်ရာရ၊ အဆောက်အအုံများပျက်စီး

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ကိုင်ရို စက်တင်ဘာ ၁၆

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော် အထက်လွှတ်တော်အဆောက်အအုံ၌ စက်တင်ဘာ ၁၆ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားရာ ၁၃ဦး ဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံ အစိတ်အပိုင်း အများအပြားလည်း ပျက်စီးသွားခဲ့ကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

လောင်ကျွမ်း

မီးလောင်ကျွမ်းမှုမှာ အားကောင်းသဖြင့် အီဂျစ်စစ်ဘက် ရဟတ်ယာဉ်များ အသုံးပြုကာ မီးငြိမ်းသတ်နေရကြောင်း၊ အထက်လွှတ်တော် အဆောက်အအုံ တတိယထပ်မှ စတင်ကာ မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးမှာလျှပ်စစ်ဝိုင်ယာကြိုးများမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

ပြောကြား

မီးလောင်ကျွမ်းမှု ဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ အသေးစိတ်စုံစမ်းစစ်ဆေးနေကြောင်း အီဂျစ်ရဲတပ်ဖွဲ့ အရာရှိများက ပြောကြားသည်။

အီရတ်၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား ၂၂ ဦးသေဆုံး ၃၂ ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၁၆

အီရတ်နိုင်ငံ ဒိုင်ယာလာပြည်နယ်တွင် စက်တင်ဘာ ၁၆ ရက်က အသေခံဗုံးခွဲတိုက်ခိုက်သူ အမျိုးသမီးတစ်ဦးကြောင့် အရပ်သား ၂၂ဦး သေဆုံးပြီး ၃၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်

အသေခံဗုံးခွဲတိုက်ခိုက်မှုမှာ ဘာလက်ရဇ်မြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရိုးရာပွဲတော်တစ်ခု၌ လူများစုဝေးနေချိန်၌ အီရတ်အမျိုးသမီးတစ်ဦးက ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

Amazing Lunch Buffet

Coca ချစ်သော Suki

One For One Free

Regular Suki Buffet For Next Visit (Lunch only)

Reservation

Phone : 229904, 229905, Hp : 09 512 7295

စိုက်ပါ စားပါ အရသာ မတူ မြတ်ပီတိ

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်

ရန်ကုန် စက်တင်ဘာ ၁၆

စက်တင်ဘာ ၁၅ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို ဖော်ပြရပါလျှင် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ အိန္ဒိယနိုင်ငံမြောက်ပိုင်းကျေးရွာတစ်ရွာ၌ မြေပြိုကျမှုဖြစ်၍ လူသေဆုံးခြင်း၊ တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့တွင် အပူလှိုင်းကျရောက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။

စက်တင်ဘာ ၁၆ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို ဖော်ပြရပါလျှင် စစ်ကိုင်းတိုင်း အောက်ပိုင်းတွင် နေရာကွက်ကျား မိုးရွာသွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ တနင်္သာရီတိုင်း၌ ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

စက်တင်ဘာ ၁၆ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

လောင်းလုံ	၆ ဒသမ	၁၄ လက်မ
ထားဝယ်	၅ ဒသမ	၃၁ လက်မ
သထုံ၊ ဥမြို့	၄ ဒသမ	၆၁ လက်မ
မြိတ်	၄ ဒသမ	၃၇ လက်မ
သံတွဲ	၂ ဒသမ	၈၈ လက်မ
ရွှေကျင်	၂ ဒသမ	၃၆ လက်မ
မော်ဘီ	၂ ဒသမ	၀၂ လက်မ
ရန်ကုန်(မြို့လယ်)	၁ ဒသမ	၁၀ လက်မ

စက်တင်ဘာ ၁၇ရက် **(ယနေ့)**တွင် ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

စက်တင်ဘာ ၁၇ရက် **(ယနေ့)** နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်၍ မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မုတ်သုံလေအားကောင်း

မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို 'ဘူဘန်နီဆွာမြို့' အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ ရခိုင်ကမ်းရိုးတန်းတွင် မုတ်သုံဆန်သောအခြေအနေများဖြစ်ပေါ်နေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ တိမ်ထူထပ်ကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မိုးသက်လေပြင်း

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေးလုပ်ငန်းကို ဩဂုတ် ၂၉ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (တိုင်းစည်ပင်)

မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်

မိတ္ထီလာ စက်တင်ဘာ ၃

မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီသည် ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား သမီးများအား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၁၃ရက် နံနက် ၁၀နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးတင်မောင်ဌေး(အငြိမ်းစား)က အမှာစကားပြောကြားပြီး လေးဘာသာဂုဏ်ထူးရ ကျောင်းသားနှစ်ဦးအား တစ်ဦးလျှင်ဂုဏ်ပြုထောက်ပံ့ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရ ကျောင်းသူတစ်ဦးအား ဂုဏ်ပြုထောက်ပံ့ငွေကျပ် ၃၅၀၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (ခရိုင် ပြန်/ဆက်)

ဆိပ်ဖြူမြို့ ရေပေးရေး ရေစက်ရုံကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်နှင့်အဖွဲ့ ဩဂုတ် ၁၈ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မြမြသင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်စည်းဝေး ထူးချွန်သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၁၃ရက် နံနက် ၉နာရီက မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရ အသင်းဝင်သန်လျင် အထက(၂)မှ မောင်ရဲထက်ကျော် **(ယာပုံ)**နှင့် မနှင်းအိအိခင်တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းအလုပ်အမှုဆောင် ဦးလှထွန်းဦးနှင့် တာဝန်ရှိသူများက ဖြိုးစေတနာ အခမဲ့ဆေးခန်းတွင်ပြုစုကုသပေးခဲ့ကြသော ဆရာဝန်များ၊သူနာပြုများ၊ အခြေခံပညာကျောင်းများတွင် ခြင်ဆေးဖျန်းလုပ်ငန်း ပါဝင်ကူညီခဲ့သော ဒါန်ရဂါ ရပ်ကွက် စည်းရုံးရေးမှူးနှင့် အမှုဆောင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကဏ္ဍအလိုက် အစုအဖွဲ့များ၏ အကြံပြုဆွေးနွေးချက်များကို အလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်းခြင်း၊ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းနှင့်မှတ်တမ်းတင်ခြင်းတို့အတွက် အစည်းအဝေး၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နောင်တရားမြို့၌ ပန်းအလှပင်ပြုပြင် ပေါင်းမြက်ရှင်းလင်း

နောင်တရား စက်တင်ဘာ ၈

နောင်တရားမြို့ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ (အောင်ပန်းဘက်မှ) ဆိုင်းဘုတ်အနီး ပန်းအလှပင်များ ပြုပြင်ခြင်းနှင့် ပေါင်းမြက်များ သန့်ရှင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဆောင်ရွက်ရာသို့ မြို့တာဝန်ခံအရာရှိက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာတတ်မြောက်ရေးနေ့ ရွှေတောင်၌ ကျင်းပ

ရွှေတောင် စက်တင်ဘာ ၁၅

၂၀၀၈ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းဇော်နှင့် မြို့နယ်ပညာရေးမှူးဦးစိုးနိုင်**(အပေါ်ပုံ)**တို့က အမှာစကားပြောကြားကြသည်။

ဆုချီးမြှင့်

ထို့နောက်မြို့နယ်အဆင့်ပိုစတာပြိုင်ပွဲတွင် အခြေခံပညာအထက်တန်း၊အလယ်တန်းဆုရကျောင်းသားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြရာ အဆိုပါ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းထွန်းဦးနှင့် အမှုဆောင်များ၊ မြို့နယ် ပညာရေးမှူးနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မ(၁)ရပ်ကွက် မုဒုံကြီးရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် ဩဂုတ် ၃၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စစ်ဆေးရေးမှူး-၄(သန့်)ဦးခင်ဇော်၊ ရပ်မိရပ်ဖများနှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်း၍ ခြင်ဆေးဖျန်းကြစဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ်၌ ပညာပေးဟောပြော

ပခုက္ကူ စက်တင်ဘာ ၁၅

ပခုက္ကူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ပညာပေးဟောပြောပွဲကို စက်တင်ဘာ၁၃ရက် နံနက်၁၀နာရီက ပခုက္ကူမြို့နယ် ပန်းတိုင်းခြုံကျေးရွာ အုပ်စု အမက(၅၇) ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ယဉ်မင်းသူက အမှာစကားပြောကြားပြီး အကြမ်းဖက်မှုမှ ကာကွယ်ရေးအကြောင်းကို မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင် ရဲအုပ်(ငြိမ်း)ဒေါ်ယဉ်ယဉ်မြင့်ကလည်းကောင်း၊ အမျိုးသမီးများ၏ဥပဒေဆိုင်ရာ အခွင့်အရေးများအကြောင်းကို ဒုတိယ မြို့နယ် ဥပဒေအရာရှိ ဒေါ်လွင်လွင်အေးကလည်းကောင်း၊ဥပဒေအကြောင်း သိကောင်းစရာများကို မြို့နယ်ဥပဒေအရာရှိ ဒေါ်မူမူကြိုင်က လည်းကောင်း၊ အမျိုးသမီးများနှင့် ကင်ဆာရောဂါအကြောင်းကို ဆေးရုံအုပ်ကြီးဒေါက်တာဦးကိုကိုကြီးကလည်းကောင်း ဟောပြောကြကြောင်း သိရသည်။ (ဝ၇ဝ)

လှည်းကူးမြို့နယ်စည်ပင် ယာဉ်စက်ယန္တရားများ ကြံ့ခိုင်မှုဆောင်ရွက်

လှည်းကူး စက်တင်ဘာ ၁၄

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့သည် ဩဂုတ် ၂၅ရက်က လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ ကြံ့ခိုင်မှု ရှိမရှိကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် ဝန်ထမ်းများ ဩဂုတ် ၁ရက်က မြို့နယ် အတွင်းရှိ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အထကကျောင်းများနှင့်အမကကျောင်းများသို့ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး ခြင်ဆေးဖျန်းကြစဉ်။ (မြို့နယ်စည်ပင်)

ကျွန်းစုမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

မြိတ် စက်တင်ဘာ ၁၂

မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို စက်တင်ဘာ ၆ရက် နံနက် ၈နာရီက အဆိုပါရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးစိုးနိုင်နှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးဝင်းရိုန်တို့က အမှာစကားပြောကြားကြသည်။ **(အပေါ်ပုံ)**

ဆုချီးမြှင့်

ထို့နောက် ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူသုံးဦး၊ ကျွန်းစုမြို့နယ်တွင် အောင်ချက်အကောင်းဆုံးဆုရ ကမ်းကြီးကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် အားကစားထူးချွန်သူ တစ်ဦးတို့အား အသင်းတာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။

ပြန်လည်ဆွေးနွေး

ဆက်လက်၍ မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့၏ ရေးရာအလိုက် အစီရင်ခံစာများကို မြို့နယ်အလုပ်အမှုဆောင်များက ဖတ်ကြားတင်သွင်းကြပြီး အစီရင်ခံစာများအပေါ် သုံးသပ်အကြံပြုကြရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးဝင်းရိုန်က ပြန်လည်ဆွေးနွေးကြောင်း သိရသည်။

(ဝ၄၃)

ယူနန်လူမျိုးစုတက္ကသိုလ်မှ ပညာသင်ကျောင်းသား၊ ကျောင်းသူများ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်၌ မြန်မာစကားပြော စွမ်းရည်ပြိုင်

မန္တလေး စက်တင်ဘာ ၈

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် အဆင့်မြင့်မြန်မာစာ တစ်နှစ်သင်တန်း တက်ရောက်ပညာသင်ကြားနေကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်မှ တရုတ်ပညာသင်ကျောင်းသား ကျောင်းသူ ၁၄ဦး၏ မြန်မာစကားပြော စွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၂ရက် နံနက် ၉နာရီက သီရိရတနာခန်းမ၌ကျင်းပရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေး ကြည့်ရှုကြသည်။

စွမ်းရည်ပြိုင်

အခမ်းအနားတွင် ရှေးဦးစွာ ပါမောက္ခချုပ် ဦးပိုမြင့်(**အပေါ်ပုံ**)နှင့် မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး)ဒေါ်ကြည်ကြည်စိန်တို့က အဖွင့်အမှာစကားပြောကြားပြီး မြန်မာစကားပြော စွမ်းရည်ပြိုင်ပွဲကို ကျင်းပသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနား ကျင်းပရာ ပါမောက္ခချုပ်ဦးပိုမြင့်နှင့် မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး)ဒေါ်ကြည်ကြည်စိန်တို့က ပထမဆုရ Ms.Tu Jieting (မအိဝေဖြိုး)၊ ဒုတိယဆုရ Ms. Zhong Yi (မပြုံးလဲ့မှူယာ)၊ တတိယဆုရ Ms. He Jidong (မသင်းသင်းယု)၊ ပူးတွဲစတုတ္ထဆုရ Ms.Zhang Yaqin (မသိန်းသိန်းနိုင်)နှင့် Ms.Qin Wenjian (မအေးအေးစိုး)နှင့် ပဉ္စမဆုရ Ms.Wen Weina (မသွယ်ထိုက်အောင်)တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး ပါမောက္ခချုပ်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။ **(ပညာရေး)**

ရေဝတီတိုင်း မိခင်/ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ရွှေသောင်ယံမြို့ ချောင်းသာအမက (၁၈) ကျောင်းသူ/သားများအားထောက်ပံ့

ပုသိမ် စက်တင်ဘာ ၁၀

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်နှင့် တာဝန်ရှိသူများ စက်တင်ဘာ ၅ရက် ညနေ ၄နာရီက ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ ချောင်းသာ အမက(၁၈)၌ကျင်းပသော ကျောင်းပြင်ပ မူလတန်းပညာသင် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်ပွဲကို တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်အား တိုင်းပညာရေးမှူး ဦးခင်မောင်ရီက ကျောင်းပြင်ပ မူလတန်းပညာသင်ရခြင်းရည်ရွယ်ချက်၊ လက်ခံသော အသက်အပိုင်းအခြားနှင့် သင်ကြားမှုပုံစံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌသည် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းကာ ကျောင်းပြင်ပ မူလတန်းပညာသင် ကျောင်းသား ကျောင်းသူများအတွက် အာဟာရ ကျွေးမွေးနိုင်ရန် ငွေကျပ် တစ်သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးထွန်းထွန်းနိုင်ထံ ပေးအပ်သည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော် (**အပေါ်ပုံ**)၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ရီရီအောင်၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးကိုကိုတို့က ကျောင်းသား ကျောင်းသူများအား လွယ်အိတ်၊ စာရေးကိရိယာများပေးအပ်ပြီး တိုင်းအသင်းအတွင်းရေးမှူး ဦးသန်းထွန်းက ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

အဆိုပါ ရွှေသောင်ယံမြို့ ချောင်းသာကျေးရွာတွင် ကျောင်းပြင်ပမူလတန်းပညာရေး(NFPE)အား စက်တင်ဘာ ၁ ရက်မှစတင်ဖွင့်လှစ်ကာ အသက် ၁၀ နှစ်မှ ၁၄နှစ်အတွင်းရှိ မူလတန်းပညာရေးမပြီးဆုံးသေးသော ကျောင်းသား၁၃ဦးနှင့် ကျောင်းသူခုနစ်ဦးတို့အား ဆရာနှစ်ဦးဖြင့် နေ့စဉ် ညနေ၄နာရီမှ ၆နာရီအထိ သင်ကြားပေးနေကြောင်းသိရသည်။ **(မိခင်/ကလေး အသင်း)**

မြို့နယ် သတင်းများ

တာချီလိတ်မြို့ စဝ်စံထွန်းလမ်း သန့်ရှင်းရေးဆောင်ရွက်

တာချီလိတ် စက်တင်ဘာ ၃

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပုန်းထွန်ရပ်ကွက် စဝ်စံထွန်းလမ်းမပေါ်တွင် ရေကြီးရေလျှံရာမှ ရေကျချိန်တွင် တင်ကျန်ရစ်သော နုန်းများကို ဩဂုတ် ၂၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရေဆေးသန့်ရှင်းရေး ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကျော်သူ ကွင်းဆင်း၍ လိုက်လံကြပ်မတ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများကို ဩဂုတ် ၂၇ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထန်းတပင်၌ စာကြည့်တိုက်ပညာသင်တန်းဖွင့်

ထန်းတပင် စက်တင်ဘာ ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၈) ဖွင့်ပွဲကို ဩဂုတ် ၁၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနို့အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းတို့ကို ပြောကြားကြသည်။

သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်း၊ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ခင်ရီ၊ ရပ်သံကျွမ်းကျင်(၃) ဦးလှမြင့်တို့က စာကြည့်တိုက်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာကြည့်တိုက်ပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏စီမံမှုဖြင့် ရပ်ကွက်နှင့်ကျေးရွာ စာကြည့်တိုက်မှူးများအား ဆက်လက်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဩဂုတ် ၁၃ရက်က မိုင်းယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားသော မြို့တွင်းလမ်းကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဂရိတ်ဝေါ တိုင်းရင်းဆေးနှင့် ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်စိန်က လေးထပ်ဘိုးဘွားဆောင်သစ်ဆောက်လုပ်ရန် ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းက လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်သူတိုးပွားရေး ရေဦး၌ ဆွေးနွေးဟောပြော

ရေဦး စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရေဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထက(၁) ကျောင်းအုပ်ဆရာကြီးတို့ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်သူတိုးပွားရေး ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက်နံနက် ၉ နာရီက အထက(၁) စုဝေးကွင်းပြင်၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

အခမ်းအနားတွင်ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေက အဖွင့်အမှာစကားပြောကြားပြီး အထက်တန်းပြဆရာ ဦးစံဝင်းက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းက စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်သူတိုးပွားရေး ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း ရှင်းလင်းသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ရည်မှန်းချက်ရှိရမည် ဆွေးနွေးဟောပြောချက်စာတမ်းကို ဖတ်ကြားဆွေးနွေးဟောပြောသည်။

တက်ရောက်

အဆိုပါဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်သူများက ဆွေးနွေးဟောပြောချက်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာမှတ်သားကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ကုန်-မန္တလေး လမ်းမကြီးဘေးရှိ နှစ်ရှည်ပင်ကြီးများ သပ်ရပ်သာယာလှပအောင် ပြုပြင်ခြင်းနှင့် ချုံနွယ်များ ရှင်းလင်းဆောင် ရွက် မှု ကို စက်တင်ဘာ ၅ရက်က ဒုတိယ ဦးစီးမှူး (ဈေး) ဦးဆန်းဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရမည်းသင်း၌ စာကြည့်တိုက်အဆောက်အအုံဖွင့်

ရမည်းသင်း စက်တင်ဘာ ၁၀

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ရွှေဒါးသာစည်အုပ်စု ညောင်ထောင့်ကျေးရွာတွင် စက်တင်ဘာ ၂ရက်က စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးချစ်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းကိုလည်းကောင်း၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးတင်မြက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကြောင်းကိုလည်းကောင်း ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် ဇူလိုင် ၂၆ရက်က မြို့ဝင်ဆိုင်းဘုတ်အနီး မြေယာရှုခင်းအလှပြုပြင်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းပြည့်ဖြိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်းတပ် မြို့မဈေး၌ စုပေါင်းသန့်ရှင်း

မင်းတပ် စက်တင်ဘာ ၁၂

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းအပြင် သန့်ရှင်းရေးနှင့် ဈေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စက်တင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးအောင်ထွန်းလင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်တို့ ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**

ကျွန်းလှမြို့နယ်၌ အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် ဟောပြော

ကျွန်းလှ စက်တင်ဘာ ၁၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် ကျီကုန်းကျေးရွာတွင် ဆေးကုသခြင်း၊ သက်ကြီးရွယ်အိုများအား အခမဲ့ဆေးဝါးများ ထောက်ပံ့ပေးပြီး အာဟာရရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ် ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၄ရက် နံနက် ၈နာရီက ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းမြင့်က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဝေဝေဦးက အာဟာရအုပ်စုများအကြောင်း ဟောပြောကာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မိုးမိုးမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်းကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒုတိယဥပဒေအရာရှိ ဒေါ်ခင်သန်းဌေးက လူမှောင်ခိုနှင့်လူကုန်ကူးသန်းမှု တားဆီးကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ယဉ်မေက အမျိုးသမီးအကြမ်းဖက်မှု ကာကွယ်ရေးလုပ်ငန်းဆိုင်ရာများအကြောင်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ပညာပေးရေးလုပ်ငန်းခေါင်းဆောင် ဒေါ်အေးအေးသန်းက ပညာရေးလုပ်ငန်းတာဝန်များအကြောင်းတို့ကိုလည်းကောင်း ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ချို့တဲ့ကျောင်းသားကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမိခင်များအား အိုင်အိုဒင်းဆားဖြန့်ဝေခြင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မူကြိုကျောင်းတွင် အာဟာရတိုက်ကျွေးခြင်း၊ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာရေးလုပ်ငန်းဆိုင်ရာများအကြောင်းဟောပြောပြီး မြို့နယ်ဆေးရုံတွင် သားဖွားမိခင်များအား ထောက်ပံ့ငွေများ လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဟိုပန်မြို့နယ်ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ဟိုပန် စက်တင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုဖလားချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ရက် ညနေ၄နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ငါးသင်းသည် ဩဂုတ် ၂၀ရက်ကစ၍ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြရာ ဈေး-ကောင်းဟုန်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ နေရာအလိုက် အကောင်းဆုံး ကစားသမားဆုကို မြို့နယ်အတွင်းရေးမှူး ဦးနိုင်လွင်ထွန်းက လည်းကောင်း၊ ပြိုင်ပွဲတစ်လျှောက် ကူညီပေးသည့် မြို့နယ်ကြက်ခြေနီအသင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ဦးကလည်းကောင်း၊ ဒုတိယဆုရ ကြံတိုင်းအောင် ဘောလုံးအသင်းအား ဂုဏ်ပြုတံဆိပ်ကို ဒုတိယရဲမှူး စိန်ဝေကလည်းကောင်း၊ ဆုငွေကျပ် ၇၀၀၀၀ကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီး ဌာန ဦးစီးမှူး ဦးလှမြင့် ကလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ ပထမဆုရသည့် ဈေး-ကောင်းဟုန်းအသင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုကျပ်တစ်သိန်းကို ဝေဆာကုမ္ပဏီပိုင်ရှင် ဦးချောက်ရှင်းက ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုဆုဖလားကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အသင်းခေါင်းဆောင်နှင့်ကြီးကြပ်သူအား ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။**(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရပ်ကွက်ကြီး

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရပ်ကွက်ကြီး(၇) မြို့ပတ်လမ်း လမ်းပေါက်ဖာထေးဆောင်ရွက်ခြင်းကို ဩဂုတ်၂၀ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုင်းဝဏ္ဏခေါင်းဆောင်သော အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးရာသီမြို့တွင်းလမ်းများတွင် လမ်းပေါက်များ မရှိစေရေးအတွက် ဩဂုတ် ၂၈ရက်က ကန်သာယာလမ်းဆုံတွင် လမ်းပေါက်ဖာထေးပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းမင်းနှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဖယ်ခုံမြို့နယ်စည်ပင် ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများတူးဖော်

ဖယ်ခုံ စက်တင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်သော ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းဘေးရေမြောင်းတူးဖော်ဆောင်ရွက်ရာသို့ ဩဂုတ် ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဖေက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးရွာ စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေး စာအုပ်နှင့် အလှူငွေများ ပိုင်းဖြတ်၌ပေးအပ်

မိုင်းဖြတ် စက်တင်ဘာ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးစိုး၊ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ဦးစီးအရာရှိ ဦးကျော်ဆင့်၊ ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်၊ ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးနှင့်ဝန်ထမ်းများသည် စက်တင်ဘာ၉ရက် မွန်းလွဲ၂နာရီက မိုင်းဖြတ်မြို့နယ် ဆွစ်မလောင်းကျေးရွာ စာပေပန်းခင်း စာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ပြောကြား

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌဦးစိုးလင်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးစိုးက လှူဒါန်းပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ လည်းကောင်း၊ ရုံးချုပ်မှ ဦးစီးအရာရှိဦးကျော်ဆင့်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လှူဒါန်းပွဲကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးအေးနိုင်က ငွေကျပ် ၅၀၀၀နှင့် ဒို့ကျေးရွာဂျာနယ်တစ်နှစ်စာ၊ ဆရာဦးခမ်းကျန်က ငွေကျပ် ၁၀၀၀၀၊ ဆရာမဒေါ်ဒေစီက ကျေးရွာမှ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၄၀၀၀၀၊ ဒေါ်နန်းကိန်ကငွေကျပ် ၅၀၀၀၊ ဦးခမ်းပုတ်နှင့် ဦးရှဲန်နေလှကငွေကျပ် ၁၅၀၀၀နှင့် ဝတ္ထုနှင့်ရုပ်ပြ၂၅အုပ်၊ ခရိုင်ဥက္ကဋ္ဌဦးစိုးလင်းက ဂျာနယ်အစောင်၂၀၊ ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်ကမဂ္ဂဇင်း အုပ်၂၀နှင့် ဂျာနယ်၁၀စောင်တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအားဖျော့က လက်ခံယူသည်။

လက်ခံယူ

အလားတူ ဆိုင်းလေကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပသော စာအုပ်နှင့်အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌဦးစိုးလင်းက ဂျာနယ်အစောင်၃၀၊ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးနှင့် ဦးစီးအရာရှိ ဦးကျော်ဆင့်က မဂ္ဂဇင်းနှင့် ဝတ္ထုစာအုပ် ၃၀၊ ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က ဂျာနယ်၁၀စောင်၊ ဆရာ ဦးခမ်းကျန်ကငွေကျပ် ၁၀၀၀၀၊ မြို့နယ်ဦးစီးမှူး ဦးအေးနိုင် ကငွေကျပ် ၅၀၀၀၊ ဦးတိုနောင် ကကျေးရွာမှ လှူဒါန်းသောငွေကျပ် ၃၀၀၀၀နှင့် ရုပ်ပြနှင့်ဝတ္ထု၁၂၅အုပ်၊ ဦးချစ်မောင်က ကျေးရွာလူငယ်အဖွဲ့မှ လှူဒါန်းသောငွေကျပ် ၅၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးယာဒေါင်က လက်ခံယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မော်လမြိုင်၌ ချို့တဲ့ကျောင်းသားကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

မော်လမြိုင် စက်တင်ဘာ ၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်းများရှိ ချို့တဲ့ကျောင်းသား ကျောင်းသူများအား မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က စာအုပ်နှင့်စာရေးကိရိယာများထောက်ပံ့ ပေးအပ်ပွဲကို ဩဂုတ်၁ရက်မှ စက်တင်ဘာ ၃ ရက်အထိ မော်လမြိုင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီရှိန်နှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာအခြေခံပညာ မူလတန်းကျောင်းများသို့ ရပ်ကွက်နှင့် ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ ကိုယ်တိုင်သွားရောက်၍ ချို့တဲ့ကလေးငယ်များအား ထောက်ပံ့ပေးအပ်ကြသည်။ **(အောက်ပုံ)** (၀၁၄)



မိတ္ထီလာ၌ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

မိတ္ထီလာ စက်တင်ဘာ ၂

မန္တလေးတိုင်း မိတ္ထီလာမြို့နယ်အဆင့် ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၂ရက် နံနက် ၁၀နာရီက မြို့မရပ်ကွက် သာသနာ့ဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ အဆိုပါပြိုင်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ဒုတိယရဲမှူး ကြည်မောင်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးထွန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး မြို့နယ်အဆင့် ပြိုင်ပွဲကို ဩဂုတ် ၂၂ရက်မှ ၂၃ရက်အထိ ကျင်းပပြီး ဆုရသူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သန်လျင်မြို့နယ် အေးမြသီတာရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်အတွင်း ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သန်လျင်နှင့် ကျောက်တန်းမြို့နယ်များအတွင်းရှိ ကျောင်းဆောင်သစ်များဖွင့်ပွဲ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်တိုင်း သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပသော ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ရွှေပြည်သစ်ဆီ ချီတက်မည်

* ပြည်သူကို အရေးထားလို့
လေးစားသည် ဆိုပါလျှင်။
၂၀၁၀ မှာ ရွေးကောက်ပွဲကို
ဆင်နွှဲဖို့ပြင်။
ပြည်သူ့ရဲ့ ဆန္ဒလျှင်
ပီပြင်စွာ ထင်ရှား။
၉၀ ကျော် ရာခိုင်နှုန်းရယ်နဲ့
ထောက်ခံကာ ခြိမ့်ခြိမ့်အုန်း
တစ်ပြည်လုံးနီးပါး။
* အတွေးသစ် အမြင်သစ်နဲ့
ရွှေပြည်သစ် တည်ဆောက်မည်
လှမ်း-ချီစို့ မနှေး။
လက်မတားလှာနဲ့
အဖျက်သမားဆို ပြည်တွင်းအားနဲ့
ဖယ်ရှားလိမ့်လေး။ ။

ခွန်ရဲသွေး (အေးသာယာ)

ဗိုလ်တထောင်မြို့နယ် ချမ်းမြေ့ဈေးတွင် ပြည်သူများအား ရောင်းချပေးနေသည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

Foxconn ဖလား ၂၀၀၈ ဒိုတာဆိုက်ဘာဂိမ်းပြိုင်ပွဲ မြန်မာအင်ဖိုတက်ခ်အဆောက်အအုံ၌ ကျင်းပမည်

အမေး/အရေး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့လင်း)
စာမျက်နှာဖွဲ့စည်းမှု
တိုးလွင်(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၆

နိုင်ငံတကာ၌ အိုင်တီနည်းပညာသည် အရှိန်အဟုန်နှင့် ပြောင်းလဲတိုးတက်လျက်ရှိသည်။ အိုင်တီနည်းပညာကို လူငယ်များ စိတ်ဝင်စားမှုမှာလည်း တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိရာ အိုင်တီနည်းပညာနှင့် ပတ်သက်ဆက်စပ်သော ဆွေးနွေးပွဲများ၊ ပြပွဲများ၊ ကွန်ပျူတာဂိမ်းပြိုင်ပွဲများကို မြန်မာနိုင်ငံ၌ မပြတ်တမ်းကျင်းပလာနိုင်ပြီဖြစ်သည်။

တွေ့ဆုံမေးမြန်း

ထို့ကြောင့် ကွန်ပျူတာဂိမ်းပြိုင်ပွဲတစ်ရပ်ကို မြန်မာအင်ဖိုတက်ခ်အဆောက်အအုံ၌ မကြာမီကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲတာဝန်ယူကျင်းပမည့် မြန်မာဂိမ်းမားကလပ်မှဥက္ကဋ္ဌဖြစ်သူ ကိုမင်းဝင့်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

စာမျက်နှာ ၆ ကော်လံ ၅ *

ကွန်ပျူတာဂိမ်းပြိုင်ပွဲများ၌ လူငယ်များ ဤသို့ စိတ်ဝင်တစားပါဝင်ယှဉ်ပြိုင်နေကြသည်။ (မြန်မာ့အလင်း)

မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ မွေးမြူထုတ်လုပ်သော အရည်အသွေးမြင့် ကြက်သား၊ ဝက်သားများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေ

ငါးပိသာအထက်ဝယ်ယူသူတိုင်း ဝန်ဆောင်ခမယူဘဲ အိမ်အရောက်ပို့ဆောင်ပေး

ဈေးကွက်သတင်းနှင့် ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် စက်တင်ဘာ ၁၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ မွေးမြူထုတ်လုပ်သော အရည်အသွေးမြင့် ကြက်သား၊ ဝက်သားများကို ရန်ကုန်မြို့တွင်း ဈေးအချို့တွင် စားသုံးသူပြည်သူများအား ပြင်ပဈေးထက် ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေကြောင်း သိရသဖြင့် အသေးစိတ်သိရှိနိုင်ရန် စက်တင်ဘာ ၁၅ရက် နေ့လယ်က အင်းစိန်မြို့နယ် ဘူတာရုံလမ်းရှိ ရုံးချုပ်အဆောက်အအုံသို့ သွားရောက်လေ့လာခဲ့သည်။

ရည်ရွယ်ချက်

မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းရုံးချုပ်၌ အထွေထွေမန်နေဂျာ ဒေါက်တာပြည့်စုံအားတွေ့ဆုံ၍ စားသုံးသူပြည်သူများအား ကြက်သား၊ ဝက်သားများရောင်းချပေးခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုများကို မေးမြန်းစေ့ငုခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ ■